တုဂ်သှုင်း (ဒကိ) ပုဇွန်ခပ်သည်။spoon out prawn; catch prawn with ne

တူတူ့ (န) ဒီးဒုတ်။ owl

တူရိင်· (န) ဒူးရင်း။ durian

တူတဲ့ (န) တောက်တက်။ gecko

တူဝေ (န) တူဝေစေတီ။ *"Toowai"* pagoda

တူ· (ခင်းတူ·)(န) ဒူး။ knee

တောဝ် (ဒကိ) ငြင်းသည်။ argue; deny

တောဝ်လောဟ်သာ (ဒကိ) ငြင်းခုံနေကြသည်။ argue with one another

တောဝ့်တောဝ်ဝိက ( ကုံရေဝ့်တောဝ်·)(န) တစ်တီတူးငှက်။ red-wattled lapwing *(Vanellus indicus)*

တယ် (ကျင်)(န) တဲ။ hut; tent; booth

တယ်သိင်း (ဒကိ) သစ်ခွေသည်။ hew tree

တယ်ဍိုဝ် (ကုံပယ်ဍိုဝ်)(န) မှိုနားတို။ kind of edible aquatic fern; water clove

တယ်ခ်ယ် (ဓါင်းတယ်ခ်ယ်)(ဒကိ) ထော့နဲ့(ထော့ကြိုးသွားသည်)။ limp

တယ်ခ်ါင်· (ဒကိ) တလင်းခုတ်သည်။ make paddy threshing ground

တယ်ဖ်ာ (န) တစ္ဆေ။ ghost

တယ်ပဝ် (န) ဝါးလက်ခုပ်။ bamboo clappers

တယ်ဖျာ့(ဒကိ) ဆိုင်တည်ခင်းသည်။ set up shop

တယ်ဟှိင်းထုင်း(ဒကိ) အိမ်တိုင်ခုတ်သည်၊အိမ်တိုင်ခွေသည်။ hew house pole

တယ်ရဝ်·ယှော့တ် (ဒကိ) ခြင်းလုံးခတ်သည်။ play cane ball

တုံ့ဏာဝ်· (ဒကိ) တောင့်တင်းသည်၊ တောင့်တင်းဖြောင့် စင်းသည်။ stiff; be

stout

တဝ် (ကြိ) တည့်သည်၊ဖြောင့်မတ်သည်။ honest

တဝ်လံင် (ကြိ) ဖြောင့်မတ်သည်။ honest

တဝ်တဝ် (န) တည့်တည့်။ straight

တဝ်လာ့ အင်းကြီး(ကြီးမားသောအင်းအိုင်ကြီး)။ big pond; big lake

တဝ်ရဝ်· မှန်သမျှ၊ သမျှ။ anything; everything

■တဝ်ရဝ်·ဏုံလဝ်ယုံ (သင်ပြောသမျှ ကျွန်ုပ်ယုံရမှာချည်းဘဲ။)

ဝးဏယ်သာ့လုံ။ I have to believe anything you say.

ဖတဝ်တုံမီင်· (န) ကုန်းတန်းရှည်။ land slope

တဝ်·ဝိက် (န) မြင်းဘုနာ။ angioma

တောဝ်ကၢ် (န) ဝက်ရူးနာ၊ဝက်ရူးပြန်ရောဂါ။ epilepsy

တိုင် (န) တိုင်၊ အိမ်တိုင်၊ ပလိုင်း။ 1. pole; pillar. 2. basket

တိုင်ပုံယူ့ (ထုဲးမိင်) (န) ဝံပုလွေ။ wolf

တို် (ကြိ) တိုးဝှေ့သည်။ shove

တိုံဝံင်(န) ကညင်ဆီတိုင်။ torch fueled by wood oil from “Kanyin”

တွယ် (ကြိ) ထိသည်၊ ခိုက်သည်။ touch, hurt

တွာ (ကြိ) တွက်ချက်သည်။ calculate

တွာခွံင်· (ကြိ) ဂဏန်းတွက်သည်။ calculate mathematics

တွာလောတ်သာလုံယှော်ဝ် (န) မတွက်ကပ်ကြနှင့်။ do not refuse to do things because other would not do

တွဝ့် (ကြိ) ဟောသည်။ preach; predict

တွိုဝ်ဆုံင့်(န) ကျောက်ပြင်။ flat circular stone use for grinding

တွိုဝ်ဝင်· (န) ဂဝံကျောက်။ laterite

တွိုဝ်သိင့်နာရာ (န) မြင့်မိုရ်တောင်။ Mount Meru

တွာ့ကျုဂ်(န) ဖလံဖြူ။ a medicanal plant

တွာ့ကောဝ် (န) သံခွက်။ iron cup

တွို်(န) ခပ်တက်။ oar

တၢ် (န) ဆရာ၊ ဆရာသမား။ teacher

တၢ်ပညာ (န) ပညာရှင်။ intellectual; academic

တၢ်ဂုဏ်· (န) ကျေးဇူးရှင်။ benefactor

တၢ်မုဂ် (န) မင်္ဂလာဆောင်ပွဲ။ wedding

တၢ်မုဂ်မူး (န) သတိုးသမီး။ bride

တၢ်မုဂ်ခွါ့ (န) သတိုးသား။ bridegroom

တၢ်ဖွေ်လး (န) ငါးကင်းရွက်။ a kind of leaf eaten as vegetable

တၢ်တၢ် (န) လယ်နတ်။ paddy field spirit

တၢ်ဆေဝ်· (န) ရှားစေး။ cactus

တၢ့် (န) သေတ္တာ။ box

တၢ့်ထာ (န) သံသေတ္တာ။ iron box

တၢ့်သိင်း (န) ပျဉ်သေတ္တာ။ wooden box

တီုဝ် (န) ပြည်တောင်း။ small basket for measure grain

တၢ်ု (ကြိ) အကြောလွဲသည်။ sprain

တေၢ်ဝ် (ကြိ) ဆီးကြိုသည်။ကာဆီးသည်။ 1. welcome. 2. fend

တို (ကြိ) ကူးပို့သည်၊(တဘက်ကမ်း ကိုကူးသည်။) ferry

တီုင်· (ဒကိ) ဒကီးပွါးသည်၊ဝေဖြာသည်။ prosperous

**x**

x လိက်မောဝ်·ဖိုး သိုင့်ဆို ယှု·ဖိုး ဖိုင်ဏှ် မွဲ့လိက် ၁၇ ဖိုးလို့ဖိုးဏှ်လှ်
the 17th letter of the36 Plone alphabets
ဗျည်း ၃၆လုံးတွင် ၁၇လုံး မြောက်ဗျည်းဖြစ်သည်။

ထို (ဒကိ) ဝါကြွားသည်၊ အလှပန်ရေးပသည်။ showoff

■အို့ဝေ့ဒုးလို့ဟှာဏှ်ကင်ထိုဒိုင်
ထောဝ်·ထိုလင်ဝေ့ဒုး လို့ဖှုံမူး
ဏင်သီးအို့မေ်ယာ့ ဏှ်လှ်။
သူသည်ပိုးလုံချည်ကိုဝတ်ပေးအပျိုမများဝရှေ့တွင်
ဟန်ရေးပြလျက်ရှိလေသည်။
He is showing off in front of the girls.

ထိုဒှောဝ် (န) ကွမ်းအစ်။ betel box

ထိုမ် (န) ဒါးမြ။ robber; bandit

ထိုမ်ုက် (န) အလစ်ဝင်စီးခြင်း၊ အလစ်ဝင်ခြင်း။ sudden attack; raid

ထိုမီင်· (န၊ဝိ) ရှည်လျားသော။ very long

ထိုမူ· (ဒကိ)
ယိမ်းယိုင်သည်၊မှန်းချိန်ဆရသည်(စာဖတ်သောအခါ သို့ မဟုတ်စကား
ပြောသောအခါမပီမသဖြစ်လျှင် မရှင်းလျှင်အသံကို ယိမ်းပေးပြော ဆိုခြင်
မှန်းဖတ်ခြင်းကိုဆိုလိုသည်။)

ထိုမူ့ (န) အသွင်အပြင်။ appearance

/ဖေါဟ်သးလို့ဟှာယိုဝ် ထွာူ·ဝး
ဒိုင်ဝေ့ဒှေအို့ဖါ·ဏှ်လှ်။
ဥသူငယ်သည် သူဝဖခင်နှင့်အသွင်အပြင်ခြင်းဟန်ပန်ခြင်း တူကြဝ။)
This child acts like the father.

ထိုယာ (ဒကိ) မှန်းဆသည်၊ မျက်မှန်းမှန်းသည်။ guess

ထိုယဝ်· (ထိုယဝ်·တဝ်) ထူးခွန်သော၊ ကျော်ဇောထင်ရှားသည်။ famous

ထိုဏောဝ့်ဟှုင်· (ဟှုင်·) (န) လယ်ကဇွန်း၊ ရေကဇွန်း။ morning glory

ထိုဏောဝ့်လာ့ (န) ရေကွတ်။ water asparagus

ထိုရဲာ (ဆို့ဃှယ်)(န) ဒရယ်။ stag

ထိုရေ့ (ဒကိ) ပြေးသွားသည်။ run; rush

ယိုရှုဟ (ဒဟ) ကလက်သည်၊ ပေါ့ရမ်းသည်။ frivolous

ထိုရဲာနူ·ထို့၊ ခို့ဝယ်နူ·ထိ (န) ကောက်ရိုးနွယ်။ bindweed

ထိုလုံ့ (န) လက်ခုပ်ပင်။ a kind of tree

ထိုလုံ့ (ဒကိ) ရွှင်ပြသည်။ joyful, rejoice

ထိုလုက် (ဒကိ) လှည့်စားသည်။ deceive

ထိုလုက် (န၊ဝိ) ဖုံးကွယ်သော၊မျက်လှည့် (မာယာ)။ with hold

ထိုလွှခွိက် (ဒကိ) လွှင့်ပစ်လိုက်သည်။ throw away

ထိုလေင်·ဝ်င် (န) ထမ်းပိုး။ shoulder yoke

ထိုအာ (ဒကိ) ဆွသည်(ကောက်လှိုင်းများကိုဆွသည်။) loosen or turn up hay, soil etc.

ထိုဝီ· (ထိုဝီ·ဆုက်)(ဒကိ) လွဲသည်၊ပုခက်လွဲသည်။ swing

ထိုဝိင်· (ထွိုင်·ဝ်င်ထူ)(ဒကိ) ပူပန်သောကဖြစ်သည်။ worry

ထုံရှိ (န) သူတပါးကိုနစ်နာလိုခြင်း။ ill-will

ထုံရိုက် (န) ကူးသန်းရောင်းဝယ်ခြင်း။ trade

ထုံမးဆာ(န) ပန်းပဲသမား။ blacksmith

ထ

ထာ (န) သံ။ iron; nail

ထာ (ထာထး) (ဒကိ) ယက်သည်၊ယက်ကန်းယက်သည်။ တနလေန

ထာ ပြိုင်ဆိုင်သည်၊လောင်းကြေးပြုသည်။ ဘနအ

/အ်ုဝေ့ဒုးဏ္ဍျုဂ်ဃုဲ့ထာဝေ့အ်ု သူသည်သူ့စကြက်ကို နေ့စဉ်လောင်းကြေးဖြင့်တိုက်စ။

ဆင့်ကိုဝ်ႉဏီဍေ့လုံ့။ He has his cock fights and bet on it daily.

ထာ (လုံထာ) အပေါ်မှာ။ above

ထာကြာင် (န) တံစဉ်း၊ ကျားလျှာ။ file

ထာဆာဆုံ (န) ချုပ်သောအပ်၊ အပ်။ needle

ထာကံင်ထွံင် (ဒကိ) လုံချည်ယက်ဝတ်သည်။ weave sarong

ထာကါင်း (န) သံကောက်။ crooked nail; curved nail

ထာခေါဟ် (ဆုံယိုင်ဝး) (န) သီချင်း။ song

ထာခေါဟ်ဖါဍေ့ဘဟ် (န) သီချင်းဒကီး။ classical song

ထာခေါဟ်ယိုဖေါဟ်ခိ (န) ရောက်တတ်ရာဆိုသောသီချင်း။ lonely song

(၄င်းသီးချင်းကို ညဥ့်အချိန်၌အော်ဟစ်သီဆိုလေ့ရှိကြသည်။)

ထာခေါဟ်ပွယ် (န) ဩ (သီချင်းဆိုပွဲ)။ singing competition

ထာဍိင် (န) ဆုံးမစာလင်္ကာ၊ ဆုံးမစာသီချင်း။ song for reproof

ထာဒဝ်ႉ (န) တရားစာသီချင်း (ဓမ္မဂီတ)။ hymn

ထာခေါဟ်ဆေဝ်လေံ (န) လင်္ကာရှည်သီချင်း။ long poetic song

ထာခွင်၊ ထာခ်င် (န) သံကွင်း၊ သံငွေ။ iron ring

ထာစူ (န) သံချွန်။ sharp iron

ထာဆေဝ် (န) စုတ်၊ ဆေးထိုးအပ်။ injection needle: tattooing needle

ထာထိက် (န) ကွမ်း ညှပ်၊ သံ ညှပ်။ iron tool for cutting beetle nut

ထာဍေ့ဘဟ်မောတ်ခါင့် (န) တွယ်အပ်။ pin

ထာပး (န) သံပြား။ iron plate

ထာပ္စ (န) ထာပနာ။ things entomb in the building of pagodas

ထာဖ်ာ (န) ဆောက်။ chisel

ထာဗိက် (န) ပွတ်စူး။ bradawl

ထာသ့်ဝါ (ထာဏား) (န) သံလိုက်။ magnet

ထာပုဂ်ကေဝ် (န) သံချိတ်။ iron hanger

ထာဗိ (ဗိထာ) (န) သံကြိုး။ iron chain

ထာဖ်ာပးပဲ (န) ဆောက်ပြား။ flat chisel

ထာဖ်ာခုံထုံ (န) ဆောက်ခုံး။ arched chisel

ထာဖုံး (န) သံလုံး။ shot put; iron ball

ထာမေဝ်ခါင့် (န) အပ်ပေါက်။ needle eye

ထာဖ်ာဖေါဟ် (န) ဆောက်သေး။ small chisel

ထာလူ့ (န) သံစူး။ iron peg,

ထာစုဂ်၊ ထာပုဂ် (န) သံချိတ်။ iron hanger

| | |
|---|---|
| ထာပော့ (န) | တံစဉ်။ sickle |
| ထာအော့ (န) | သံချေး။ rust |
| ထာသိင့် (န) | သံစိမ်း။ pig iron |
| ထာ့ (လ့်ထာ့) (န) | ထွာ (တထွာ)။ hand span |
| ထာ့ (သိင်းထာ့) (န) | ခွဆုံ (သစ်ခွဆုံ)။ Junction of a tree branch |
| ထး (န) | အိုးစည်။ drum with long body |
| ထးထုဂ် (န) | လက်ထုတ်မ။ loom stand |
| ထး (န) | ယက်ကန်း။ loom |
| ထးစင်ခေဟ်၊ထဖုင်း (န) | ဖါးလောင်းကောင်။ tadpole |
| ထး (စုဂ်ထး) (ဒကိ) | ကပ်ညှိသည်။ intimate: close up |
| ထးမာင်းစင် (န) | ကစီပင်။ a kind of tree |
| ထးဒွေဟ် (န) | လက်ထုတ်ပင်။ a kind of tree |
| ထးလး (န) | တောင်စန္ဒကူးရွက်။ sandal wood leaf |
| ထာင် (ဒကိ) | ပြန်သွားသည်၊ ပြန်သည်။ return, go back |
| ထာင်ဏားကာ (ဒကိ) | သိပ်သည်းသည်၊မြွတ်သိပ်နေသည်။ compact;firm (muscle) |
| ထာင်းခင်း၊ ခါင်းခင်း (န) | ငှက်ထောင်ကွင်း green jay |
| ထာင်၊ သိင်းထာင် (န) | အကိုင်း၊ သစ်ကိုင်း။ branch: tree branch |
| ထာင်စာင်းကို (ဒကိ) | အလည်ပြန်သွားသည်။ go back for a visit |
| ■ အို်ဝေ့ဒူးထာင်စာင်းကိုလ့်အို် | သူသည်ရွာသို့အလည်အပတ်ပြန်သွား၏။ |
| တွာန့်အိုဝ်လ့်။ | He goes back to the village for a visit. |
| ထာင်ဆောတ် (ဒကိ) | ယူဆောင်သွားသည်။ take back |
| ထာင်နံ့ (အို်ထာင်အို်နံ့) (န) | ကိုင်းခက် (အကိုင်းအခက်)။ twig |
| ထာင်သုံ့ (ဒကိ) | ပြန်ပို့သည်။ send back; return |
| ထာင့် (န) | လက်ကောက်။ bracelet |
| ■ယ့်ဝါဏာင့်မူးအို်ထါင့်စေဝ် | ကျွန်ုပ်အစ်မတွင် ငွေလက်ကောက်တကွင်းရှိသည်။ |
| အို်ဝေ့လ့်ခဝ့်လ့်။ | My elder sister has a silver bracelet. |
| ထာင့် (ဒကိ) | ယက်သည်။ weave with bamboo or cane |
| ■ယ့်ဖူ့ထာင့်ဏောဒ္ဓဏါင်လ့် | ကျွန်ုပ်အဘိုးသည် ပုလိုင်းတလုံးကိုယက်ပြီးပြီ။ |
| ဖ်ုးဟ့်ငယုဂ်။ | My grandfather has finished weaving a sling basket. |
| ထာင့်ခုက်ဖေါဟ် (န) | ပြာသိုလ။ January |
| ထာင့်ခုက်ဒွေဟ် (န) | တပို့တွဲလ။ February |
| ထာင့်ခ်ဟ် (ဒကိ) | ဖျာယက်သည်။ weave mat |
| ထာင့်ဒူင် (ဒကိ) | တောင်းယက်သည်။ weave basket |
| ထာင့်ခင်းလံင် (န) | ခြေကျင်း။ foot bracelet: ankle ring |
| ထာင့်စေဝ် (န) | ငွေလက်ကောက်။ silver bracelet |
| ထာင့်ဒင့် (န) | ရွှေလက်ကောက်။ gold bracelet |
| ထာင်· (ဒကိ) | မြည်းကြည့်သည်။ taste |
| ထာင်·ယောဝ်·သိုင့်ထို (ဒကိ) | ဟင်းရည်မြည်းစမ်းကြည့်သည်။ taste soup |
| ထာင်· (ထိုင့်ထာင်·) (ဒကိ) | ဆောင့်ကန်သည်။ kick |
| ထာင်· (ယာင်·ထာင်·)(ဒကိ) | ဖိနင်းထားသည်။ press (something) with sole |
| ထာ် (ဒကိ) | ဆောင့်သည်၊ တိုက်သည်။ collide; bump |
| ထာ် (ဒကိ) | မှန်စီသည်၊ ရွှေချသည်။ decorate |

| | |
|---|---|
| ▪ယုံကျာ်လင်ႉဏှ် ယုံထာ် | ကျွန်ုပ်တို့ဘုရားစင်ကို မှန်စီထားသည်။ |
| ထင်းဍေယွာ(နွာ)လှ်။ | We decorate our shrine with glass. |
| ▪လုံပုံတွာန့်ခေါဟ်ထင်းကံင်ဏှ် | ကျွန်ုပ်တို့ရွာဦးစေတီကိုရွှေချထားသည်။ |
| ပုံထာ်ထးဍေဒင့်ဏှ်လှ်။ | We decorate our village pagoda with gold leaf. |
| | |
| ထာ် (အုံထာ်) (န) | ပင်စည် (သစ်ပင်စည်)။ trunk (tree) |
| ထာ်ကျိုင်ကျောဝ် (ဒကိ) | လင်းကွင်းတီးသည်။ bang cymbals; play cymbals |
| ထာ်ထေံဖါ (ဒကိ) | တိုက်ခွဲပစ်သည်၊ ခွဲပစ်သည်။ band to crack |
| ထာ်ယွာ (နွာ) (ဒကိ) | မှန်စီသည်။ stick (decorate) with glass |
| ထာ်ဝင်ဆွဲ (ဆုံကာင်းမေဝ်) (ဒကိ) | ကင်းခမီးကောက်။ scorpion |
| ထင် (လင်ထင်လင်ပွါ)(ဒကိ) | အမောဆို့သည်။ be choked with exhaustion |
| ထင်ႉ | ရိုက်သည်၊ ရိုက်ထုသည်၊ ရိုက်ပုတ်သည်။ beat, hit |
| ထင်ႉ (န) | ဆည် (ငါးထောင်သောဆည်)။ dam water for fishing |
| ထင်ႉထေံထို (ဒကိ) | ငါးထောင်ရန်ယင်းပိတ်သည်။ dam the water with bamboo |
| ထင်ႉဟိုင်း (န) | သစ်ဆောက်ရိုး။ wooden chisel handle |
| ထင့် (ဒကိ) | တပ်ဆင်သည်။ set up; attach |
| ထင့်ထင်းအုံထောဝ်ႉ(ဒကိ) | အရိုးတပ်သည်။ set up handle (of knife) |
| ထင့် (ဖုထင့်) (န) | ဝံ (ဝက်ဝံစသည်)။ bear |
| ထင့်ထောဝ်ဇုဂ် (ဒကိ) | ဆက်သည် (တပ်ပေးဆက်သည်) join (wedling) |
| | စွပ်သည်၊ ဂဟေနှင့်ဆက်သည်။ |
| ထင့်ဖါ (န) | ဒိုင်းလွှား၊ ကာ။ shield |
| ထင့်ဍျုးထင့်ဍာ | မအောင်မြင် (သစ်စေ့စသည်မပေါက်နိုင် ခြင်းမအောင်မြင်ခြင်းကို |
| | ဆိုလိုသည်။) seeds that do not grow |
| ထင်း (ဒကိ) | တက်သည်၊ လူနာတက်သည်၊ သစ်ပင်တက်သည်။ climb, fit |
| ▪ဖေါဟ်သးလုံဟှာထင်းဝေ့ဍုး | လူကလေးတယောက်သစ်ပင်ပေါ်သို့တက်သည်။ |
| သိင်းခိုဏှ်လှ်။ | A child climbs the tree. |
| ▪ဆုံဆာ့ဆွာလုံဟှာ ဆံင့်ကာင်ဏာ | လူနာသည်အသဲအသန်ဖြစ်ပေးတက်သည်။ |
| ဝေ့ ဏှ်တွာထင်းဝေ့လှ်။ | A patient is seriously sick and having fits. |
| ထင်းဍောဝ် (ဒကိ) | စုန်းပူးသည်။ an evil spirit enter into somebody |
| ထင်းခံင့် (န) | ကုန်းမို့မို့နေရာ၊ ရေခမ်းသောနေရာ။ high ground |
| ▪ယုံဆိက်ဏှ်မွဲါဝေ့ဆိက်ထင်းခံင့်လှ်။ | ကျွန်ုပ်လယ်သည်ကုန်းလယ်ဖြစ်သည်။ |
| | My paddy field is high ground field |
| ထင်းစံင်လင်အုံး (န) | မညီညာသောနေရာ(ချိုင့်ဝှမ်းကုန်းမို့စသည်ဖြင့် မညီညာသော |
| | မြေမျက်နှာပြင်စသည့်နေရာ) unlevelled ground |
| ထင်းဟျုးထင်းဝဝ်(ဒကိ) | နီမြန်းလာသည်၊ (မျက်နှာနီမြန်းလာသည်) |
| ထင်းယှင်ႉထင်းဝဝ် | flush: blush |
| ▪အေမွဲာအုံဝေ့ဍုးသာထင်းဆုံစာ်ဇိုဝ် | သူသည်စိတ်ဆိုးလာလေလျှင်သူ့ဝမျက်နှာ |
| အုံမေံသးထင်းဟျုးထင်းဝဝ် | သည်နီမြန်းလာလေတော့သည်။ |
| (ထင်းယှင်ႉထင်းဝဝ်) ဝေ့ဍုးလှ်။ | His whole face gets red when he is angry. |
| ထင်းယှာႉ (ဒကိ) | အိမ်ထောင်ကျသည်။ to get marry |
| ထင်းထာ(ဟှင်းထာ၊ဟှင်းကုံထာ) (န) | ခံတက်ပင်။ kind of tree. *Crataeva religosa* |
| ထင်းထာထို (န) | ရေခံတက်။ water type of above |

| | |
|---|---|
| ထင်းထာခ်င့် (န) | ကုန်းခံတက်။ land type of above |
| ထင်းဖေါဟ် (ဒကိ) | ကလေးရလာသည်။ married and have children |
| ■အ့်ဝေ့မူးဏ့်ထင်းဖေါဟ်ဏိ့ဟ့ာယုဂ်၊ | သူမသည်ကလေးနှစ်ယောက်မွေးပေးဖြစ်သည်။<br>She is married and has two children. |
| ထင်းဖေ်ဝ်(ဒကိ) | ဒကံရွယ်ထားသည်၊ စီမံထားသည်။ plan to: intend to |
| ထင်းဖ်ဟ် (ဒကိ) | ပေါ်ထွက်သည်။ appear; come into being |
| ထင်းဖ်ာ (ဒကိ) | ကိုယ်ယောင်လာပြသည်။ reveal self (spirit) |
| ထင်းဓါ | ရောက်လာသည် (ပြန်မောက်လာသည်)။ reach |
| ထင်းသိုင့်ထင်းလာ့၊ ထင်းသိုင့်ထင်းယဲာ | |
| ထင်းလုဂ်ထင်းလာ့ (ဒကိ) | ညိုမဲလာသည်။ bruise |
| ထင်းဖီးထင်းသိုင့် (ဒကိ) | မဲလာသည်။ blacken; darken |
| ထင်အေ့် (ထင်းအေ့်ထင်းဆီး) (ဒကိ) | သံချေးတက်သည်။ rust; to get rust |
| ထင်းအုဂ်ထင်းဃှာ (ဒကိ) | မှိုတက်သည်။ become mouldy |
| ထင်းထး (ဒကိ) | မနပ်ခြင်း၊ ချောက်ကပ်ခြင်း။ not properly cooked |
| ထင်းအုဂ် (ဒကိ) | မှိုတက်သည်။ become mouldy |
| ထင်းဆံင်း (ဒကိ) | မာတောင့်လာသည်၊(တောင့်တင်းလာသည်)။ stiffen |
| ထင်းဖဝ့် (ဒကိ) | ပေါ်သည် float (ရေပေါ်မှာပေါ်လာသည်)။ |
| ထံင် (န) | တံတား။ bridge |
| ထံင် (ဒကိ) | ရောက်သည်၊ ရောက်လာသည်။ arrive |
| ထံင်စိုဝ် (ဒကိ) | ရောက်ရှိလာသည်။ has arrived |
| ထံင်ထာင် (ဒကိ) | ပြန်လည်ရောက်ရှိလာသည်။ arrive back |
| ထံင်စူးဖံင်း (န) | တံတားလက်ကိုင် (လက်ရမ်း)။ handle of bridge |
| ထံင်စိုဝ်ဏာင်းယိုဝ် (ဒကိ) | ယ္ခုပင်ရောက်လာသည်။ just arrived |
| ထံင်ပွံင့် (ဒကိ) | မျဉ်းသားသည်။ မျဉ်းတန်းသည် to draw line |
| ထံင်ယုဂ် (န) | ရောက်ပေီ။ has arrived |
| ထံင်လင်ဃုံင်·(ဒကိ) | တံတားပြိုသည်။ bridge broke down; bridge collapse |
| ထံင်ဓါင်ထံင်ဓံင် (ကြိ) | ရစ်ပတ်သည်၊ပေါင်းဖက်ကြသည်။ associate; enmesh |
| ထံင်လံင် (သာကဲ့)(န) | သီးမွှေးငှက်ပျော။ fragrance banana |
| ထံင်ထာ (န) | သံတံတား။ iron bridge |
| ထံင်ထိုဝ်(ထံင်ခေါဟ်ထိုဝ်) | တံတားထိပ်၊ တံတားဦး။ mouth of bridge |
| ထံင်ခဝ့်လဲ (န) | ဘယ်မှာလဲ။ where? |
| ထံင့် (ထံင့်စူးနံ့ု·ခါင့်) | ထောင်းသည်(တထေါင်နှင့်ထေါင်းသည်) hit (backward) with elbow |
| ထံင့် (ထံင့်သး) (န) | မှန်ကူသီး။ a red, acidulous, oblong fruit |
| ထံင့် (ထံင့်လင်)(ဒကိ) | ချသည်၊ ထမင်းအိုးချသည်။ put down rice pot |
| ထံင့်(ဒကိ) | ထောက်ထားသည်၊ (တတောင်ဆစ်နှင့်ထောက်ထားသည်)<br>prop up on elbow |
| ဒံင့်သီးလို့သီး | ရွှေငွေဒင်္ဂါးများ။ silver coins |
| ထံင်(ဒကိ) (န) | ကြေး၊(ကြေးငွေအသပြာပိုက်ဆံ)။ copper; brass; bronze |
| အ့်ဝေ့ဍးဏ့်အ့်ထံင်·အ့်ဏာင်·ဓိင်းအေး။ | သူ့မှာပိုက်ဆံတပြားမှမရှိပါ။<br>He doesn't have any money. |
| ထံင်·ဝဝ် (န) | ကြေးနီ။ red copper |

ထံင်·ဝင်(န) ကြေးဝါ။ copper

ထံင်·ဏာင်း၊ ထံင့်ဏောဝ်· (ဒကိ) မှတ်သားသည်။ memorise

ထံင်·ခေါဟ်သး (န) ငှက်ပျောဖူး။ banana bud

ထံင်· (လင်ထံင်·)(ဒကိ) လျော့သည်၊ (ကြိုးလျော့သည်)။ reduce; loosen; slacken

ထံင်ဥုးဆုံမာအ့်သာ·ကဲဝိုဝ်ကဲကဲ။ ဘာဘဲဖြစ်ဖြစ်။ whatever may happen

ထံင်·ဥုးအ့်သာ သူ့သဘောအတိုင်း။ as she wish; according to her wish

ထံင်·ဆုံဟှဲသး (ဒကိ) ငြုပ်သီးထောင်းသည်။ pound chillis

ထံင်·ဏောဝ်·ထး (ဒကိ) မှတ်သားထားသည်။ mark; memorise

ထံင်·ဏှ် (ထုံဏှ်)(န) ဟိုမှာ။ there: at that place

ထံင်·ဏှ်လုံဖိုင့်၊ (ထံင်·ဏှ်လုံကျး) (န) ထိုအခါ။ after that, then

ထံင်·ဆုင်းခေါဟ်ဖါင် (ဒကိ) ဆုံနှုတ်ခမ်းကိုထောင်းသည်။ pound brim of pounder

ထံင်·မာလုံဃေ့ဝ် (န) မလုပ်လိုက်ပါနှင့်။ let it not be so

ထံင်ယိုဝ်။(န) ဒီမှာ(သည်မှာ)။ here; this place

ထံင်·ယိုဝ်လုံယာ့ ဤ မှရှေ့သို့။ here after; from here and ahead

ထံင်·လင်·သာ (ဒကိ) သတိထားသည်၊ (သတိပြုသည်)။ to be cautious

ထံင်·သီး (ထံင်·သိင်းဃှဲုး) (ကြိ) ဆေးထောင်းသည်။ pound medicine

ထံင်·အ့်လုက် (န) အကုန်၊ အားလုံး။ all; everything

ထံင်·ဖိ (န) ကြေးဒကိုး၊ ကြေးနန်းဒကိုး။ copper wire

ထံင်·ဝူး(ကြိ) စပါးထောင်းသည်။ pound paddy

ထံင်·အ့်ခ့်ယာ့ (န) လက်စသပ်တော့။ (interjection, used when one finally comes to realise the truth) that's why!

ထံင်း (န) ဂျင်။ top (toy)

ထံင်း (န) အကြောအချင်။ nerve, tendon

ထံင်းဆိုင့် (ဒကိ) အကြောတင်းသည်။ stiff (muscular)

ထံင်းလင်ဝူး(ကြိ) တောင်ယာခူးထိုးစိုက်သည်။ sow paddy seeds

ထိင်ထုံ (န) ငါးရှဉ့်။ eel

ထိင်ထင်· (ဒကိ) အထိတ်တလန့်ဖြစ်သည်။ to be frightened

ထိင်ထင်·အ့်ဏာ· (ဒကိ) နားစွင့်သည်။ listen attentively

ထိင်ထုံဝင် (န) ငါးရှဉ့်ဝါ။ yellow eel

ထိင်ထုံလုဂ် (န) ငါးရှဉ့် ို။ brown eel

ထိင်· (ဒကိ) စိပ်သည်၊ ကပ်သည်၊ နီးကပ်သည်။ close together

ထိင်·လင် (ဒကိ) ကပ်လာသည်၊ စိပ်သည်။ getting closer

ထိင်လင်ထံင်လင် (န·ဝိ) တိကျသော။ effectively; accurately

ထိင်· (ဒုဂ်ထိင်·) (န·ဝိ) နီးစပ်သော(ဆွေမျိုးနီးစပ်သည်) related (relative)

ထိင်·ကီ (ဒကိ) အလွန်စိပ်သည်။ compact; very close

ထိက် (ဒကိ) ညှပ်သည်။ cut with scissors

ထိက်ခေါဟ် (ဒကိ) ဆံပင်ညှပ်သည်။ cut hair

ထိက်ထ (ဒကိ) အနှောက်အယှက်။ obstruct: to give trouble

■အ့်ဝေ့ဥုးဏှ်မာထိက်ထယ်ဆုံမာလှ်။ သူသည်ကျွန်ုပ်အလုပ်ကို အနှောက်အယှက်ပေးသည်။ He gives me trouble.

ထိက်ထုက် (ကုံထိက်ကုံထုဂ်)(န·ဝိ) ကျဉ်းကြပ်သည်။ tight; crowded

ထိက်တင် (န) တောကုက္ကို၊ မြန်မာကုက္ကို။ wild raintree

| | |
|---|---|
| ထိက်ဇောင်.(ဒကိ) | ညှပ်ယူသည်။ grab; to hold with scaple |
| ထိက်ခေါဟ်ဆာ.(န) | ဆံပင်ညှပ်သမား။ barber |
| ထိက်ထာင့် (ဒကိ) | လက်ကောက်ဝတ်သည်။ to wear bracelet |
| ထိ (န) | သခွါး။ cucumber |
| ထိမူး (န) | ကိုင်းသခွါး။ musk melon |
| ထိသိုဝ် (န) | အပေါင်းအဖော်သူငယ်ချင်း။ friends |
| ထိလူ (ထိလူသး) (န) | ဘူး၊ ဘူးသီး။ gourd fruit |
| ထိလူမူ့ (န) | ဘူးပင်။ gourd vine |
| ထိထို့(ကြိ) | သေချာစွာ။ carefully |
| ထို့ (န) | ရေ။ water |
| ထို့ဖါ. (ဒကိ) | လဲကျသည်။ fall down |
| ထို့ကါင်း(န) | မြစ်ကွေ့၊ချောင်းကွေ့။ river curve |
| ထို့ခါ (ဒကိ) | ရေရှားသည်။ water scaree |
| ထို့ခို (န) | ချောင်းဖျား၊မြစ်ဖျား။ tip of river; beginning of river |
| ထို့ခေါဝ်. (န) | ရေပူ။ hot water |
| ထို့ခုဂ်(န) | ရေခဲ။ ice |
| ထို့ခိင်း (န) | ရေအေး။ cold water |
| ထို့ခ်ဝ့် (န) | ရေနွေး။ boiled water |
| ထို့ခေါ်တ် (န) | ချောင်း၊ မြစ်။ river |
| ထို့ဆာ. | ရေသာသည်။ slow current |
| ထို့ဆူ့ (ထို့ဆုံး)(ဒကိ) | ရေတိမ်သည်။ shallow |
| ထို့ယောတ် (ဒကိ) | ရေနက်သည်။ deep |
| ထို့ဆိုင့် (န) | ရေချို။ sweet water; fresh water |
| ထို့ဆယ် (န) | ရေတိုက်စားသည်၊ရေထိုးစားသည်။ erode by water current |
| ထိတဝ်စိ (န) | ရေလယ်၊မြစ်လယ်။ middle of river |
| ထို့ထင်း (ဒကိ) | ရေတက်သည်။ increase of water level: tide |
| ထို့ထင်းဖှိုဝ်(ဒကိ) | စိမ့်ရေထွက်သည်။ water spring out; spring |
| ထို့ထိုဆာဆာ | သေသေချာချာ။ carefully; in detail |
| ထို့ထုံ. (န) | ဝါးကျည်တောက်ရေခွဲဆွဲပုံး။ bamboo tube water container |
| ထို့ထး (န) | ချောင်းဝ၊ မြစ်ဝ။ river mouth |
| ထို့ထုင်.ခင်းလင်(ထို့ထံင်ခင်းလင်)(န) | ရေသွန်(အိမ်အပြင်ဘက်ရေသွန်ရာနေရာ) part of the house where used water is thrown out |
| ထို့ထံင် (န) | ရေတံလျှောက် gutter |
| ထို့ထံင်း (န) | ရေစီးကြောင်း။ water current |
| ထို့ဍူး (န) | ရေနောက်။ muddy water |
| ထို့ဍေဝ်(ဍာ်တြိုဝ်) | ရေထွက်သောနေရာ (ရေတံခွန်)။ water spring (အချို့သောတောတွင်းရေထွက်သောနေရာ) |
| ထို့ဏောင် (န) | ကမ်းနား။ river side |
| ထို့ပျုဂ် (န) | ရေမြှုပ်။ foam |
| ထိဖါ်ခေါဟ် (န) | ရေမျက်နှာပြင်။ water surface |
| ထို့ဖါန် (န) | ရေကြည်။ clear water |
| ထို့ဖံ့ဖါ (န) | ရေပွက်၊ ရေပွက်ထခြင်း။ water bubble up |

| | | |
|---|---|---|
| ထို့ဖိုင် (န) | ရေတွင်း။ | well |
| ထို့ဖဝ့်(ထို့ဖော်ဝ်ထင်းသာ) (န) | ရေပန်း၊(ရေပန်းထွက်နေသည်)။ | fountain |
| ထို့မိုင့် (န) | ရေရှင် (မြစ်ရေ၊စမ်းရေ)။ | all season spring; living water |
| ထို့လး (န) | ဆား။ | common salt |
| ထို့လးခး (န) | ဆားခါး။ | epson salt; bitter salt |
| ထို့လးဟုဂ် (န) | မင်းမှုထမ်း။ | government servant |
| ထို့လးအုဲးထင်း (ဒကိ) | ရေပွက်ထွက်သည်။ | water to boil up; water bubble up |
| ထို့လုဓါ် (ဒကိ) | ရေလွှမ်းမိုးသည်။ | to flood |
| ထို့လင် (ဒကိ) | ရေကျသည်။ | water level recedes |
| ထို့လးပ်ဂ် (ဒကိ) | ရေပွက်သည်။ | water boiling |
| ထို့လးဆိုင့် (န) | သကြား။ | sugar; sweet salt |
| ထို့လေင်ႉ (န) | ရေတံခွန်။ | water fall |
| ထို့လင်သာ် (ဒကိ) | ရေခမ်းသည်။ | water dry up |
| ထို့လင်ဆင် (ဒကိ) | ရေယိုကျသည်၊ ရေပေါက်ကျသည်။ | water dribble |
| ထို့ယွာ (ဒကိ) | ရေစီးသည်။ | water flows |
| ထီးယှူး (န) | ရေမှုတ်။ | water cup; dipper |
| ထို့လ့်ဍျ် (ထို့က့်ဍျ်) | ရေထ (ရေတက်ခြင်းရေတက်ကာလ)။ | high tide |
| ထို့ဟှင့် (န) | ရေငံ။ | salty water |
| ထို့အူး (န) | ရေမန်း။ | chanted water |
| ထို့ဃှာႉ (န) | ရေပိုးကောင်။ | water insect |
| ထို့ဃိုး (နႉဝိ) | ရေကြည်၊ ရေကြည်သော။ | clear water; |
| ထို့ဃောဝ့်ထင်း (ထို့ဍောဟ်ထင်း)(ဒကိ) | ရေဒကီးလာသည်။ | increase in water level; flooding |
| ထို့ဃွဲ (န) | မိုးရေ။ | rain water |
| ထို့လံင်း (ထို့ခုဂ်) (န) | ရေခဲ။ | ice |
| ထို့လံင်းခေါဟ်လံင် (န) | ရေခဲတောင်။ | ice mountain |
| ထို့သို (န) | ရေသေ။ | still water |
| ထို့ဓါ် (နႉဝိ) | ရေနစ်မြုပ်သော။ | submerge |
| ထို့တ့်ကဝ်ဖါန် (န) | ကလလရေကြည်။ | embryo at the moment of conception |
| ထို့နှု (န) | ရေအိုး | earthern water pot |
| ထို့လိုင် (န) | ရေနွေး။ | warm water |
| ထို့ကျင်း (န) | ရေမြောင်း။ | drainage canal |
| ထို့နိုင့် (သာ်) (န) | အရက်။ | smelling water; alcohol |
| ထို့ဝ်င (န) | ရေသွယ်ချောင်းကလေး။ | drainage tract |
| ထို့နိုင့်စာ် (န) | ရေပုတ်။ | dirty bad smell water |
| ထုင်ႉ (န) | ပုရွက်ဆိတ်။ | ant |
| ထုင်ႉကီသာ (ထုင်ႉဃိသာ) (န) | ပုရွက်ယား။ | red ant |
| ထုင်ႉခို (ထုင်ႉခွယ်) (န) | ကရင်နီကောင်။ | black flying ant |
| ထုင်ႉထောဝ် (တုင်ႉအူးဖေါဝ့်)(န) | ငါးပူတင်း။ | globe-fish; sea-porcupine |
| ထုင်ႉဝိုင် (န) (ဗံ့ထုင်းဝိုင်လိက်လင် မာႉဖို့ဆိုဝ်ဖူဆိုဝ်လ့်ငုးဝး) | ထုထိုင်းသော။ | dull, stupid |
| ထုင်ႉဍေ့ဝ် (န) | ခွေးလေးပျား။ | a kind of bee |
| ထုင်ႉဍေ ဝ်မေဝ်ခေါဟ်(န) | ပျားကလေးတမျိုး။ | a kind of bee |

ထုင်ႉၶေႃဝ်မေဝ်ယႃင့်(ၼ) ထမင်းခြောက်ပျား။ dried rice bee
ထုင့်သူး (ထုင်ႉသုံ့) (ၼ) ခါချဉ်။ red ant
ထုင်ႉဆၢင်း (ၼ) ခါချဉ်တမျိုး။ a kind of red ant
ထုင်ႉဝဝ်သႃ(ၼ) ပုရွက်ဆိတ်နီ။ red ant
ထုင်ႉမေႇဆၢ့ (ၼ) ပုရွက်ညို၊ ပုရွက်ဆိတ်ညို။ brown ant
ထုင်ႉဖါၶေႃပ်ႇ (ၼ) ပုရွက်မဲကြီး၊ ပုရွက်ဆိတ်မဲကြီး။ kind of big black ant
ထုင်ႉထဝ့်ၶင်း (ၼ) ပုရွက်ဆိတ်ချဉ်။ a kind of ant
ထုင်ႉထင်း (ဒကိ) အရိုးထင်သည်။ make a weal mark
ထုင်ႉတေႃဝ် (ၼႉဝိ) ပြတ်တောင်းသော။ be severed
ထုင်ႉလင်သႃ (ဒကိ) သတိထားသည်၊ သတိရှိသည်။ to be cautious
ထုင်းလီႉ (ဒကိ) ကသည်။ dance
ထုံ (ၼ) ချောက်၊ ချောက်ကမ္ဘား။ canyon, abyss
ထုံႉၶေဝ်အှ်သႃ(ထုံႉပါင်အှ်သႃ) (ဒကိ) တာဝန်ယူသည်။ to take responsibility
ထုံႉကျႃ (ဒကိ) အရှုံးပေးသည်။ give up; surrender
ထွံ့ဆၢ့ (ဒကိ) အနာခံသည်။ forgo; sacrifice
ထုံႉဆုံဆၢ့ *(ကြိ)* ရောဂါဝေဒနာခံစားရသည်။ bear pain, suffer disease
ထုံႉဆုံမာယင်းမာဏာ(ဒကိ) အညှင်းဆဲခံရသည်။ bear torture; bear persecution
ထုံႉယင်းထုံႉဏာ (ဒကိ) အဆင်းရဲခံရသည်။ bear hardship; endure misery
ထုံႉကုံဆုဂ် (ဒကိ) အောင့်အီးခံရသည်။ bear with patience
ထုံႉအှ်သႃ၊ အုင်ႉအှ်သႃ (ဒကိ) သက်သေခံသည် testify; witness
ထုံႉဆိုင် (ထုင်ႉဆိုင့်) (ဒကိ) ဧည့်ခံသည်၊ (အတွေ့ခံသည်)။ to host
ထုံႉဥးအှ်သႃ အတွေ့ခံသည်။ to let oneself be seen
ထုံႉသို့ (ဒကိ) အသေခံသည်။ to sacrifice life
ထုံး (ၼ) လွယ်အိပ်။ bag
ထုံးဆုံဖါ် (ၼ) သားရေလွယ်အိပ်။ leather bag
ထုံႉထူ (ဒကိ) ထုံကျင်သည်။ numb
ထုံးပါပိုင် (ၼ) လွယ်အိပ်ဒကီး big bag
ထုံးဖေါပ် (ၼ) လွယ်အိပ်ကလေး။ small bag
ထုက်(ၼ) ကန်တော့ပွဲ။ decorated offectory set
ထုက် (ဒကိ) စီးသည်၊ တက်စီးသည်။ ride
ထုက် (ဒကိ) ဆုံးသည်။ end
■ယုံဖို့လဝ်ထာင်ပုံဏုံထုက်သေ့ လိုင်အေး။ ကွန်ုပ်စအဖွားပုံပြောသည်မှာမဆုံးတတ်တော့ပါ။ My grandmother's story has no end.
ထုက်လာင်း (ဒကိ) လှည်းစီးသည်။ ride bullock cart
ထုက်ပျူင်း (ၼႉဝိ) ပြတ်တောင်းသော။ dead stop
ထုက်ဖါထာႉ (ဒကိ) ခွစီးသည်။ saddle (sit)
ထုက်ကုံသေ့ (ဒကိ) မြင်းစီးသည်။ ride horse
ထုက်ခီ (ဒကိ) လှေစီးသည် ride boat
ထုက်ကွင်(ဒကိ) သင်္ဘောစီးသည်။ ride ship
ထုက်ကွင်ယူ(ဒကိ) လေယာဉ်ပျံစီးသည် ride aeroplane
ထုက်ထုက် (ဒကိ) အဆုံးအထိ။ the entire (lenght.distance)
■လုံလါင့်ဖိုင်ဏုံ ယုံလေဝ်နကုံလင် ဂူထဲသို့အဆုံးအထိကွန်ုပ်ဝင်ကြည့်ဘူးပါဝေပီး။

| | |
|---|---|
| ယောဝ်•ဝေ့ထုက်ထုက်ယုဂ်။ | I went the entire distance of the cave |
| ထုက် | ပြတ်သော။ cut; |
| ▪ထုဲးဏှ်မွဲၥအ့်မေဝ်•ထုက်ဝေ့လှ်။ | ထိုခွေး သည်အမြီးပြတ်သော ခွေးဖြစ်၏။<br>The dog's tail is cut. |
| ထုဂ် (ဒကိ) | ပွတ်တိုက်သည်။ scrub |
| ▪အေ•မွဲၥအ့်ဝေ့ဒုးအင်းလူ•ထို့ဏှ်<br>တာ•ထုဂ်လင်အ့်သာ ဍေသီးထုဂ်<br>ကီးဏှ်လှ်။ | သူရေချိုးသောအခါ သူ့ကိုယ်ကိုဆပ် ပြာနှင့်တိုက်လေ့ရှိသည်။<br>She scrubs helself with soap when taking bath. |
| ထုဂ် (န) | ကတွတ်။ wart |
| ထုဂ် | လက်လှမ်းမှီသော။ within reach |
| ထုဂ် (အ့်ထုဂ်) (န) | အစေး (ပိန္နဲစေးစသည်) gum; latrex; resin |
| ထုဂ်ခွက် (ဒကိ) | သုတ်လိုက်သည်။ wipe off |
| ထုဂ်ဆိင့်ခွိက်(ဒကိ) | စင်ကြယ်အောင်တိုက်လိုက်သည်။ to wipe clean |
| ထုဂ်ထေံ (ဒကိ) | ဆွဲဖြတ်သည်။ ull and breakp |
| ထုဂ်သိင်း (ဒကိ) | သစ်ဆွဲသည်။ pull log |
| ထုဂ်ထဝ့်ထင်း (ဒကိ) | ဆွဲဖြန့်သည်။ stretch |
| ထုဂ်ဖံင• (န) | လက်တကမ်း။ within reach |
| ထုဂ်ဆော့် (ထုဂ်ယှုဂ်) (ဒကိ) | တုတ်ဆွဲသည်။ snatch |
| ထုဂ်ဖေ်ဝ့် (ဒကိ) | အချောတိုက်သည်၊ချောမွေ့အောင်တိုက်သည်။ to iron, to make thing smooth by scrubing |
| ထုဂ်ဖ်ဟ်ထင်း (ဒကိ) | ထုတ်ဖေါ်သည်။ reveal, expose |
| ထုဂ်ယဲာ (ထုဂ်ယဲာထင်း)(ဒကိ) | အရောင်တင်သည်။ to paint |
| ထုဂ်ယောဝ်စိုဝ်(ဒကိ) | မျက်စေ့တဆုံး မြင်သည်။ as far as one's eyes can see |
| ထုဂ်လင်ယှာ (ဒကိ) | လျှော့လိုက်သည်။ release, let loose; reduce |
| ထုဂ်ယုက် (ဒကိ) | ဖင့်နွဲ့စေသည် ( ဒကန့်ကြာစေသည်) to delay |
| ထုဂ်ဗုဂ် (ဒကိ) | ဖြုတ်လိုက်သည်။ remove |
| ထုဂ်ဖါ (ဒကိ) | ခွဲခွါလိုက်သည်။ seperate |
| ထုဂ်ထွယ့်(ထို့)(ဒကိ) | ပုဂံတိုက်သည်။ clea |
| ထုဂ်လိက် (ဒကိ) | ဇွန်လွှတ်သည် n plate, scrub plate |
| ထုဂ်လေံ (ကျုဂ်လေံ)(ဒကိ) | ဒရွတ်ဆွဲသည်။ drag။ fly kite |
| ထုဂ်လဲာထင်း (ဒကိ) | ဆွဲဖြန့်သည်။ spread |
| ထုဂ်ထျင့်ထွာ (ဒကိ) | ချီးမြှင့်မစသည်။ reward; to honor |
| ထုဂ်သုဲ (ဒကိ) | တင်းတင်းကြပ်ကြပ်ဆွဲချည်သည် tie securely |
| ထုဂ်အ့်သာ | သီးခံချုပ်တီးသည် (စိတ်ချုပ်တီးသည်။) restrain oneself |
| ထူ့ (ထူ) (ဒကိ) | လိုမ့်သည်။ roll ( to roll cigarette) |
| ထူ့တ်ံ (ဒကိ) | လိုမ့်သည်။ roll |
| ထူ့ထင်းခ်ဟ် (ဒကိ) | ဖျာလိုမ့်သည်။ roll up mat |
| ထူ့မောတ် (ထူသီမောတ်) (ကြိ) | ဆေးလိပ်၊ လိပ်သည်။ roll cheroot |
| ထူရှူ(န) | စလေ့ထုံးတမ်း။ tradition |
| ထူ• (ဒကိ) | သီသည်။ to put something on skewer |
| ▪အ့်ဝေ့မူးဏှ် ထူ့လင်ဆ့်ဟဲ့သး<br>လ့်ထူ•လှ်၊ | သူသည်ငြုပ်သီးတသီသီ၏။<br>He puts chillies on a skewer |

| | |
|---|---|
| ထူ·ဆုံဟှဲသး (ဒကိ) | ငြုပ်သီးသီသည်။ skewer chillies |
| ထူ·ထာမေဌွခါင့် (ဒကိ) | အပ်ကြိုးသီသည်။ pass thread through needle-eye |
| ထူ·ဖယ့် (ဒကိ) | ပုတီးသီသည်။ to put beads on string |
| ထူ·ဏာ·ဖိုင် (ဒကိ) | နားဖေါက်သည်။ bore hole in ear lobe |
| ထူ·ဖိင့် (ဒကိ) | ကြိုးလျှိုသည်။ to pass rope through a hole |
| ထူ·ဖဝ့် (ဒကိ) | ပန်းသီသည် to pass flower on a string |
| ထူ·ပွာ·အုံဏာ့(ကြိ) | ကျွဲနဖါးထိုးသည်။ to pass a rope throug a hole in the nasal spectum of a buffalo |
| ထေဝ်(ကြိ) | နှုတ်သည်။ pluck: pull off |
| ထေဝ်ဏင်း (ဒကိ) | မြက်နှုတ်သည်။ pull off grass; weeding |
| ထေဝ်မး (မျ) (ဒကိ) | မျိုးနှုတ်သည်။ pull off young paddy plants from the nurser |
| ထေဝ်· (ဒကိ) | သွက်လက်သည်။ glib; active |
| ■ဖေါဟ်သးမူးလုံဟှါဏုံအုံနိုဝ် ထေဝ်·မာ·လုံ။ | သူငယ်မကလေးသည် နှုတ်သွက်အာသွက်ရှိလှသည်။ friendly. That young girl is very |
| ထေဝ်· (ဒကိ) | ကွဲအက်သည်။ burst; crack |
| သေဝ့်သးထေဌွယုဂ်။ | သစ်ချသီးများကွဲအက်ပါပြီ။ |
| ထေံ (ဒကိ) | ပြတ်သည်။ cut off; snap |
| ■ဖီအုံသိုင့်ပုံလုဂ်အုံဖိုင်ဏုံထေံ ဝေ့ငှးလုံပုံလုဂ်လဝ့်။ | ကြိုးသုံးလုံးလွှန်းတွင် တလွှန်းပြတ်နေသည်။ One of the three strings is cut off. |
| ထေံဖါ (ဒကိ) | ကွဲသည်။ broken: crack |
| ထေံ (န) | ကဒက်။ species of yam |
| ထေံ (လင်ထေံ) (ဒကိ) | ကျသည်။ fall (down) |
| ထော့် (န) | ယောကျ်ားအင်္ဂါဇာတ်။ penis; cock |
| ထော့်ခါင်· (န) | ကျား အင်္ဂါဇာတ် ကွမ်းသီးခေါင်း gland of penis |
| ထော့်ခါင်·လး (န) | အင်္ဂါဇာတ်အတွင်းပိုင်း။ inner of penis |
| ထော့်ဏှါဖိုင် (န) | ဆီးပေါက်။ urethra opening |
| ထော့်ခေါဟ်ထိုဝ် (န) | အင်္ဂါဇာတ်အဖျား။ tip of penis |
| ထော့်ဖါ် (န) | အင်္ဂါဇာတ်အရေပြား။ foreskin |
| ထော့်ဖီး (န) | အင်္ဂါဇာတ်ဈေး။ penis pus discharge |
| ထော့်လါ် (န) | လီးဖဲ။ circumcised penis |
| ထော့်လါ်ထး (န) | လဖပဲ။ circumcised penis |
| ထော့်အယ်ငှယ် (န·ဝိ) | အလွန်ပြဲသော။ high circumcised penis |
| ထော့်ခေါဟ်ဆုင်း (န) | ယောကျ်ားဆီးခုံ။ man's pubic |
| ထော့်ဆံင်း (န) | ယောကျ်ား အင်္ဂါဇာတ်အမွေး။ man's pubic hair |
| ထော့်ယှော့်ထင်း (ဒကိ) | အင်္ဂါဇာတ်သန်မာသည်။ erection |
| ထယ် (ကြိ) | ကန်သည်၊ခတ်သည်။ kick |
| ထယ်ဝဝ့် (ထယ်ဆုံဖါ်ဖိုး) (ဒကိ) | ဘောလုံးကန်သည်။ kick ball; play soccer |
| ထယ်လုံ (ထယ်ထီလုံ) (ဒကိ) | ခြင်းလုံးခပ်သည်။ play cane ball |
| ထယ်ထာင်· (ဒကိ) | ပိတ်ကန်သည်။ kick to hurt at close range |
| ထယ့် (ဒကိ) | ထယ်။ plough |
| ထယ့်ဏာ· (န) | ထယ်သွား။ ploughshare |
| ထယ့်ကာင်း (န) | ထယ်ကောက် (ထယ်ဒူး)။ curved plough |

| | |
|---|---|
| ထယ့်ဓဲင် (န) | ထယ်တန်။ ploughbeam |
| ထယ့်ဏင်းဓါ (ဒကိ) | ထယ်သပ်။ ploughstock |
| ထယ့်ဆို (ဒကိ) | ထယ်ထိုးသည်။ to plough |
| ထုံ (ဒကိ) | ထိုးထုတ်သည်။ poke; jab |
| ▪ခို့ဆာ·ဏာ့်ထုံထင်းခို့လုံဖိုးလုံ။ | လေ့သမားက လှေတစင်းကို(ထိုးဝါး)နှင့်ထိုးတက်လာသည်။ |
| ထုံဃု (ဒကိ) | ကျားကန်သည်။ buttress; prop; shore |
| ထဝ့် (န·ဝိ) | ရှည်သော၊ မြင့်သော။ long; tall; high |
| ထဝ့်မီးထဝ့်မး (န) | ဇဝေဇဝါ (ဒေးမောသည်)။ confuse; forgetful |
| ထဝ်· (ဒကိ) | ဆန့်သည်။ can contain (capacity); ability to hold |
| ▪လုံယုံမာန်စဝ်အုံထုံးဖိုင်ဏာ့် ဍုဂ် လင်ဇူးထဝ်·ဝေ့လုံဍင်ဏာ့်လုံ။ | ကွန်ုပ်ဘကြီးလွယ်အိပ်ထဲတွင်စပါး တတောင်းထည့်ဆန့်သည်။ My uncle's bag can hold a basket of paddy. |
| ထဝ်·အေး(ကြိ) လုံယုံထုံးဖိုင်ဏာ့်ဂူ့ဆးလုံတော့ဝ်ထဝ်·အေး | မဆံ့ပါ။ |
| ထောဝ် (န) | ဝက်။ swine; pig |
| ထောဝ်ထံင် (န) | တောကြောင်ကတိုး။ wild cat |
| ထောဝ်ထံင်နိုင့်မိုင့် (န) | ကြောင်ကတိုး။ civet cat |
| ထောဝ်ဏာ့ (အုံထောဝ်ဏာ့) | အစွန်အဖျား။ edge |
| ထောဝ်ဏာင်း | မီးနှင့်ထိုးခပီးတံဆိပ်အမှတ်အသားပြုခြင်း။ to brand; make marking သံပူဖြင့်ကပ်နှိပ်သည့်တံဆိပ်အမှတ်အသား။ |
| ထော်ဝ်၊ နောတ်ထောဝ်(ဒကိ) | တောင်ဝှေးထောက်သည်။ 1. tap. 2. walking cane |
| ထောဝ်ဖွါ့ဆုံး (န) | သင်းကွပ်ပြီးသောဝက် (ဝက်သင်း)။ castrated pig |
| ထောဝ်ဖင် (န) | ဝက်ခြံ။ pig pan; pigsty |
| ထောဝ်မဲ (န) | ဝက်စွယ်။ pig's tusk |
| ထောဝ်မောဝ်· (န) | ဝက်မ။ sow |
| ထောဝ်ယး (န) | ဝက်သား။ pork |
| ထောဝ်မဲတင် (န) | ဝက်စွယ်ခေါင်းပိတ်။ solid tusk of hog |
| ထောဝ်မိင် (န) | တောဝက်။ wild pig; boar |
| ထောဝ်သး (န) | ပဲတောင့်ရှည်။ bean |
| ထောဝ်သောဟ်(န) | ဝက်ဆီ။ lard |
| ထောဝ်ခေါ်ဝ် (န) | ဝက်စားကျင်း။ feeding trough for pig |
| ထောဝ်ဆး (န) | ဝက်စာ။ pigs feed |
| ထောဝ်ထုံ· (န၊ဝိ) | ဝက်တူးဆွသောနေရာ။ earth horned by pig |
| ထောဝ်သုံ့ (န) | ဝက်သိုက်၊ဝက်အုံ၊ဝက်ကျင်း။ nest of wild pig |
| ထောဝ်သော့် (န) | ခွေးတူဝက်တူ။ dog badger |
| ထောဝ်ထိုင် (ဒကိ) | ခလုတ်တိုက်သည်။ stumble |
| ထောဝ်ထိင်· (ဒကိ) | တိုးဝှေ့သည်၊ကပ်ထားသည်။ stick close |
| ▪အုံဝေ့သီးဏို့ဟုာဏာ့် ထော့ဝ်ထိင်· လောတ်သာယာအုံခို့ဏာ့်လုံ။ | သူတို့နှစ်ယောက်ကျောချင်းကပ်ခပီးထိုင်နေကြသည်။ The two of them sit with their backs touched. |
| ထောဝ်ဇုဂ် (ဒကိ) | ဆက်သွယ်သည်၊ဆက်စပ်သည်။ to come together |
| ▪အုံဝေ့သီးဏို့ဟုာဏာ့်ထောဝ်ဇုဂ် လောတ် သာဏောဝ်·ဏင်းဆိုဝ်အေး။ | သူတို့နှစ်ဦးသည်မည်သည့်အခါမျှဆက် စပ်၍ မရနိုင်။ The two of them can not come together. |

| | |
|---|---|
| ထောဝ်အိုင် (ဒကိ) | မီးညှိသည်၊မီးမွေးသည်။ to make fire |
| ■ထောဝ်အိုင်လင်မေ့ဏျ်ဆာ်။ | မီးမွေးလိုက်ပါ။ make a fire, please. |
| ထောဝ်.(န) | ပိုး။ silk |
| ထောဝ်.(အ်ုထောဝ်.)(န) | လက်ကိုင် (ဓါးရိုးလက်ကိုင်)။ handle; (handle of knife) |
| ထောဝ်.ဟှုဝ် (န) | မိုးသောက်ကြယ်။ morning star |
| ထောဝ်.ဟှုး (န) | သောကြာကြယ်။ evening star |
| ထောဝ်.ထောဝ်.ခါ်ခါ်(န) | မှောင်မှောင်မဲမဲ။ dark |
| ထောဝ်.ထင်း (န) | အဖူးအညွန့်ထွက်စ၊ ပရစ်ဖူး။ to bud |
| ထောဟ် (န) | ငှက်။ bird |
| ထောဟ်ကါ် (န) | ကြက်တူရွေး။ parrot |
| ထောဟ်ကိီး (န) | ကျေးကုလား။ slaty-headed parakeet |
| ထောဟ်ကိုဝ် (န) | အောက်ချင်းငှက်။ hornbill |
| ထောဟ်ခါင့် (န) | ယောင်ယင်ငှက် (အောက်ချင်းအယဉ်မျိုး)။ great hornbill |
| ထောဟ်ကွင်ခေါဟ် (န) | လည်ကျားငှက်။ neckband bird |
| ထောဟ်ဝိီး (န) | ငုံးငှက်။ pitta |
| ထောဟ်ခိ်င် (န) | ကျေးငှက်တမျိုး။ kind of parakeet |
| ထောဟ်ခိုဝ် (န) | ကျေးတော (ကြက်တောကြီး)။ parakeet |
| ထောဟ်ဟှိက် (န) | ယစ်ငှက်။ pheasant |
| ထောဟ်ဟှယ်ထင်း (ဒကိ) | လှုပ်နိုးသည်။ shake to wake |
| ထောဟ်ဟှယ် (ဒကိ) | လှုပ်သည်။ shake |
| ထောဟ်ဃိုင်ဍုဂ် (န) | ငှုငှက်။ green pigeon |
| ထောဟ်ဃွာခ်ုး(န) | ခါငှက်၊ ငှက်မင်းသား။ partridge |
| ထောဟ်ဃွာ် (န) | စာကလေး။ sparrow |
| ထောဟ်စာကဝါ (န) | စက္ကဝတ်ငှက်။ Brahminy duck |
| ထောဟ်ယှုး (န) | ဥဒေါင်းငှက်။ peacock |
| ထောဟ်တြုု (ဒကိ) | လှုပ်ခါသည်။ shake |
| ထောဟ်တေ့်တောဝ်ဝိက် (န) | တစ်တီတူးငှက်။ red-wattled lapwing |
| ထောဟ်ထာ (န) | ဘဲ၊ဝမ်းဘဲ။ duck |
| ထောဟ်ထာထို့ (ကဝ်.ရာ) (န) | ရေကြက်။ common moorehen |
| ထောဟ်ထာကွင် *(န)* | တောဘဲငန်း။ goose |
| ထောဟ်အ်ုဝုဂ် (န) | ရေစစ္စလီ(ဟင်္သာ)။ Brahminy duck |
| ထောဟ်ပုံဟှုုး (န) | ဇီးကွက်။ owl |
| ထောဟ်ထာပေှံ (န) | ခရုစုတ်ငှက်။ ibis |
| ထောဟ်ဖါ. (န) | မြေဝတ်ငှက်။ nightjar bird |
| ထောဟ်ဖေါဟ်အုဂ် (န) | အနံ့ဆိုးသောတောကြောင်တမျိုး။ bad smell jungle cat |
| ထောဟ်ဖါဍှာဟ် (န) | ငှက်ကြီးဝံ့စပ်။ adjutant bird |
| ထောဟ်ဖီါ် (ထောဟ်ဖှေဝ်) (ဒကိ) | တံတွေး (တံတွေးထွေးသည်)။ spit |
| ထောဟ်ဖီါ်ထို့ (န) | တံတွေးရည်။ spittle |
| ထောဟ်ထုဲလင်(ထောဟ်လင်ယွာ)(ဒကိ) | မျှောသည်၊ ရေမျှောသည်။ drift down: water flow down |
| ထောဟ်ဝ္ိင်ဝ္ိင:(တာ့ဝ္ိင်းဝ္ိင်း) (န) | ပျံလွှားငှက်။ swallow |
| ထောဟ်လုဲ. (န) | ချိုးငှက်။ dove |
| ထောဟ်လုဲ.လင့် (န) | ချိုးစိမ်းငှက် (ချိုးလင်းပြာ)။ green-winged pigeon |

| | |
|---|---|
| ထောဟ်လုဲ·အွာ (ဓ္ဂါ) (န) | ချိုးဖြူ။ white dove |
| ထောဟ်လယ်အွာ(ထောဟ်လိင့်အွာ)(န) | ဗျိုင်းငှက်၊ဥဗျိုင်းငှက်။ paddy bird; egret |
| ထောဟ်ဏးကာင်(ထောဟ်ကာင်မါင်း)(န) | သစ်တောက်ငှက် wood pecker |
| ထောဟ်ဍုင်းထို့(န) | စာပိန်ညှင်း။ kind of kingfisher |
| ထောဟ်ဍုင်း (န) | ဒိန်ညှင်းငှက် (ပန်ညှင်း)။ kingfisher |
| ထောဟ်သိုင့်လာ့ (န) | ငှက်ခါး။ blue or green jay |
| ထောဟ်စိင်က္ဓိ(န) | ပန်းရည်စုတ်ငှက်ရေညှောင့်ငှက်။ sun bird family |
| ထောဟ်ဆိက်(န) | မြေဝတ်ကလေးငှက်။ small nightjar |
| ထောဟ်ကးကဲ(န) | ခိုငှက်။ pigeon |
| ထောဟ်လာ်င (န) | သာလိကာငှက်။ Indian grackle |
| ထောဟ်ရိင့် (ထောဟ်အ်ုရိင့်)(န) | ဇရက်ငှက် (ဆက်ရက်ငှက်)။ common myna |
| ထောဟ်လိင့်အွာဖါဍောဟ် (န) | ဝေသာလီဗျိုင်း။ big egret |
| ထောဟ်က္ဍာထိက်ဝါ (န) | ဗျိုင်းအောက်။ Indian pond heron |
| ထောဟ်ကီးမာင့် (န) | ငှက်တော်ပြာ။ red-billed blue magpie |
| ထောဟ်ခ်ိုဝ် (န) | ကြက်တော။ parakeet |
| ထောဟ်ကီးဖါဍောဟ် (န) | ကြက်တော်ကြီး။ large parakeet |
| ထောဟ်ဝင်ဖေါဟ် (န) | ငှက်ဝါ။ mango bird |
| ထောဟ်ဆို့ခိ (န) | ငှက်တော။ king crow; black drongo |
| ထောဟ်ဆို့ခ်င (န) | လင်းမြီးငှက်။ ashy drongo |
| ထောဟ်ပဝ့်ဏာင့် (ထောဟ်ခံင်ခုက်) (န) | ဘုတ်ငှက်။ greater coucal |
| ထောဟ်ရုံ(ထောဟ်ရုံအွါခေါတ်)(န) | ဝါခေါင်းငှက်(ဝရောင်းငှက်)။ greater necklace laughing- thrush |
| ထောဟ်ယးဗီက် (န) | ဇင်ယော်ငှက်။ swallow |
| ထောဟ်စင်ခါင့် (န) | သပိတ်လွယ်ငှက်။ magpie robin |
| ထောဟ်သင့်သီး (န) | ပုဇင်းထိုးငှက်။ green bee eater |
| ထောဟ်ဖေဝ့် (န) | ငှက်ဖွဲ။ screech owl |
| ထောဟ်က်ုလာင် (န) | ငှက်ကျား။ painted stock |
| ထောဟ်အယ်ကာ (န) | မယ်ညိုငှက်။ Indian purple moorhen |
| ထောဟ်ကင်ခါင့် (န) | ရွှေပြည်စိုး၊ သပိတ်လွယ်။ common iora |
| ထောဟ်ကဝ်·ရာ (န) | ရေကြက်။ common moorhen |
| ထောဟ်ကဝ်ငဝ် (န) | လင်းယုံငှက်။ eagle |
| ထောဟ်တံင်က်ာင် (န) | တောင်ပီစုးငှက်။ hoopoe |
| ထောဟ်ဏး (န) | ငှက်ဆိုး၊ မိန်။ ill-omen bird |
| ထောဟ်ဖ့ါဟ္ဍု (န) | လေပွေ။ whirlwind |
| ထောဟ်ထာ့နိုဝ် | တေါက်ခေါက်သည်။ make a clicking sound with the tongue |
| ထောဟ်ဆ်ု (ဒကိ) | တိုင်းတာသည်။ measure |
| ထောဟ်ဃ္ဓိင် (ဒကိ) | ငှက်တွန်ကြူးသည်။ singing of bird |
| ထောဟ် လိက်အွါခေါဟ် (န) | စွန်ခေါင်းဖြူ။ white head kite |
| ထောဟ်ထောတ်ဓ္ဓိခါင့် (န) | ငှက်ဒကီးဝံပို (ထီးလိင်ငှက်)။ pelican |
| ထောဟ်လိက်သိင့် (န) | သိန်းငှက်။ falcon |
| ထောဟ်အ္ဍုဝါ (န) | အူးဝါငှက် (ငှက်ဆိုးတမျိုး)။ a kind of ill-omen bird |
| ထောဟ်လာင့် (န) | တောင်သာလိကာ။ Indian grackle |

ထောတ် (တွာ) (န) ခံစည်းရိုး၊ ခံတပ်မြို့။ fence; fort

ထောဟ်လင်ထို့ဖါ· (ဒကြိ) လှဲချသည်။ to fell; to throw oneself down

■အ်ုဝေ့ထောဏ်လင်ထို့ဖါ·ခွိက် ဟိုင်းထုင်းယုဂ်။ သူသည်အိမ်တိုင်ကိုလှဲချလိုက်သည်။ He has already fell the house pole.

ထောတ်လင်ဖ်ာ (ဒကြိ) လဲစေသည်၊ လဲကျသည်။ make to fall

ထောတ်ဝါ(ဒကြိ) လှုပ်သည်၊ လွှဲသည်။ shake; swing

ထောတ်ဗြူ (ဒကြိ) လှုပ်ခါသည် (ခါချသည်)။ shake strongly

■ထောတ်ဗြူလင်ခွိက် ဏ်ုဆာင့်ဏ်ုဆာ်။ သင်စအင်္ကျီကိုခါချလိုက်ပါ။ Shake off your shirt.

ထောတ်ဝါဆုက် (ဒကြိ) ပုခက်လွှဲသည်။ swing hammock

ထောတ်ယိက်ယုဂ် (ဒကြိ) အထက်အောက်လှုပ်ခါသည်။ shake up and down

ထောတ်လင်ခ်ုက် (ဒကြိ) မှောက်စေသည်။ to overturn

ထောတ်တိုင် (န) ခံတိုင်။ fence pole

ထိုင်(ထုံလင်) (ဒကြိ) ပျံဝဲသည်။ to fly in circle

■လိက်လုံဓိင်း ထိုင်လုံ ဆုံဗိုဝ်ဖင့်ဏ်ုလုံ။ စွန်တကောင်ကောင်းကင်တွင်ပျံဝဲနေသည် A kite is flying in circle in the air.

ထိုင် (လုံထိုင်)(န) တောင်ဆုတ်၊ (အတိုင်းအတာ) measurement with closed palm of a cubit

ထိုင့်(ဒကြိ) ကန်သည် (တော်စပ်သည်)။ 1. to kick; 2. related to

■အ်ုဝေ့ဒုးထိုင်ဖူ·ဝ်ါဒွေယ်ဏ်ုလုံ။ သူသည် ကျွန်ုပ်နှင့်ညီအစ်ကိုတော်စပ်သည်။ He is my brother.

ထိုင့် လါင့် (န) ဂူ၊ လိုဏ်ဂူ။ cave

ထိုင့်ကောဝ်ခံင်· (န) ကော့ကွန်းဂူ name of a cave (*Kawkoon Cave)*

ထိုင့်ထင်း (ဒကြိ) ဆောင့်ကန်သည်။ stump; to kick with force in anger

ထိုင့်ခီနဲ (ထိုင့်ခိင်နဲ) (န) ညီမယောက်ျား၊ အစ်မယောက်ျား။ husband of a sister

ထိုင့်ဟှာယာ့ (န) တကိုယ်လုံး။ the whole body

ထိုင့်ဟိုင်းယာ့(န) တအိမ်လုံး။ the whole house; the whole family

ထိုင့်ချူယာ့ (န) တကောင်လုံး။ altogether; the whole animal

ထိုင့်သောဟ် (န) သူငယ်ချင်း။ friend; friendship

ထိုင့်ဖါ့ထီ· (န) ဘဒကြီး (တော်စပ်သည်)။ uncle and nephew

ထိုင့်ဖူ·ဝ်ါ (န) ညီအစ်ကို (တော်စပ်သည်)။ brothers (relation)

ထိုင့်ဖူ·ဝ်ါထိင်ထိင်·(န) ညီအစ်ကိုမောင်နှမရင်း။ sisters and brothers of same parents

ထိုင့်ဖူ·ဝ်ါဏ်ိုဆိုဝ် (ဏ်ိုတုံခွါ့)(န) ညီကိုနှစ်ဝမ်းကွဲ။ brothers and sisters of two marriages

ထိုင့်ဖူ·ဝ်ါယာ· (ထိုင့်ဖူ·ဝ်ါဒို့ဝ်ခွံ့)(န) ဖအေတူမအေကွဲ၊မအေတူဖအေကွဲမောင်နှမ။half-brother; half sister

ထိုင့်ဖေါဟ်ဖါ· (န) သားအဖ။ father and child

ထိုင့်ဖေါဟ်မောဝ်· (န) သားအမိ။ mother and child

ထိုင့်စုဂ်ထိုင့်ထိင်· (န) ဆွေမျိုးသားချင်း။ relatives

ထိုင့်မာ့ဝါ (န) လင်မယား။ husband and wife

ထိုင့်မိုင်လာ (ထိုင့်ဖေါဟ်မိုင်) (န) တူဝရီး။ uncle and nephew; uncle and neice

ထိုင့်မောဝ်ဟှာ·(န) တူအရီး။ unty and neice; unty and nephew

ထိုင့်စိုဝ် (ကြိ) လှမ်းပြီးကန်သည်။ kick from afar

ထုံလင်ခါ*(ကြိ)* ဒူးထောက်ပစ်သည်။ to shoot in kneeling posture

| | |
|---|---|
| ထုဲလင် (ႉ) | ဒူးထောက်သည်၊ ပဆစ်တုတ်ထိုင်သည်။ kneel |
| ထုဲ့ဝးဆုံ(ကြိ) | ထိုးဆွသည်။ to loosen or turn up earth |
| ထောဝ်လိုဝ်ၾုထုဲ့ဝေ့ႁၢင်းၶေႃပၢၵ်ႈလွၵ်ႈ။ | ဝက်တကောင်သည်မြေကြီးကိုထိုးဆွသည်။<br>A pig is loosening the soil. |
| ထုဲးမိင်လႈ (ထုဲးမိင်) (နှ) | တောခွေး၊ ဝံပုလွေ။ fox; wolf |
| ထုဲးဍုံ(နှ) | ယဉ်ပါးသောအိမ်ခွေး။ pet dog; domestic dog |
| ထုဲးဖေါ်ပ်သး(ဖွဝ်ယူ့သး) | ခွေးလေးယားသီး။ cowhage Mucunaprurita |
| ထုဲးကွင်(နှ) | သဘော်ခွေး။ a dog of foreign breed |
| ထုဲးနွီ (ထုဲးယှၢ) (နှ) | ခွေးသန်း။ dog's lice |
| ထုဲးဖ့ု(နှ) | ခွေးထီး။ male dog |
| ထုဲးမင်ဆုံ(ကြိ) | ခွေးဟောင်သည်။ barking of the dog |
| ထုဲးမောဝ်·(နှ) | ခွေးမ။ bitch |
| ထုဲးအုံယုံ(ကြိ) | ခွေးအူသည်။ howling of dog |
| ထုဲးဖွူ·(နှ) | ခွေးရူး။ rabid dog; mad dog |
| ထုဲ့လူး (ကြိ) | ချည်ရစ်သည်။ wind the thread |
| ထို့ခင်း (နှ) | ခြေလှမ်းလှမ်းသည်။ to step; to march; swing the legs |
| ထို့မေဝ်(နှ) | ထမင်းပန်းကန်။ rice plate; flat plate |
| ထို့သိုင့် (ထွယ်သိုင့်) ဓါင်သိုင့်(နှ) | ဟင်းပန်းကန်၊ ပန်းကန်။ curry bowl |
| ထိုး (ထွဲ) (နှ) | မုန့်ဆန်း။ glutinous rice flake; |
| ထိုး (အုံထိုး)(နှ) | ယာ၊ လက်ျာ။ right; right side |
| ထွ(ကြိ) | တံထောင်နှင့်ထွက်သည်။ to hurt with elbow |
| ထွအုံရူး (ကြိ) | လက်ရမ်းခါသည်။ wave hand |
| ထွဲ့ၥဖုံးခါ | ပိုးထိုးသော(ဝါးစသည်ပိုးထိုးခြင်း)။ moth-eaten (bamboo) |
| ထွဲ့ၥ(နှ) | နှံကောင်။ grasshopper |
| ထွယ့် (ဓါင်း) (နှ) | ပန်းကန်။ plate (flat) |
| ထွယ့်ခုံ(နှ) | ဇလုံ။ basin; bowl |
| ထွယ့်ထာ (ထွယ့်တှၥ်) (နှ) | သံပန်းကံ။ iron plate |
| ထွယ့်ပျုးဖေါ်ပ်(နှ) | ပန်းကန်ပြားကလေး။ saucer |
| ထုၥ့ (နှ) | သင်္ကန်း။ yellow robe(for monk) |
| ထွၥ့ (ထုံနၥ့) (နှ) | ခြံစည်းရိုး။ fence |
| ထွံင့်(ကြိ) | နောင်တရသည်။ repent |
| ထွိုဝ်(နှ) | ကွမ်းအစ်။ betel box |
| ထွံင်(နှ) | လုံချည်၊ ပုဆိုး။ sarong |
| ထွိုင်(နှ) | ထီး(ဘုရာထီးစသည်)။ tiered and ornamented finial of pagoda |
| ထွိုင်အွၥ(နှ) | ထီးဖြူ။ white finial of a pagoda |
| ထွံင်ဖါထဝ့်(နှ) | တောင်ရှည်ပုဆိုး။ long length sarong |
| ထွၥင် နှ) | သံမဏိ။ steel |
| ထူ(နှ) | ပန်းပဲ။ blacksmith |
| ထူၥ့ထူၥ· | အချည်းနှီး၊အလကား။ vanity; useless |
| ထူူ့ထောဝ်·(ကြိ) | အသံကိုယိမ်းယူသည်၊မှန်းဘတ်သည်။ mimick |
| ထူူ့အင်(နှ) | ဂမုန်းအင်ပန်း။ species of orchid |

| | |
|---|---|
| ထွာ့နူ့ (ထိုမျာ့နူ့) | အတွက်ကြောင့်(အကြောင်းရင်း)။ because of; the reason |
| ■ထွာ့နူ့မွဲာအဲ့ဝေ့ဏာ့၊ ဏာ့လဝ့်ယို့ဝးအင်းလး။ | သူကြောင့်ငါအဆူခံရသည်။ I was reprimanded because of him. |
| ထွာ့*(ကြိ)* | မွေးဖွါးလာသည်။ be born |
| ထွာ် | စားရိတ်။ expense; |
| ထိုက်*(ကြိ)* | ကူးသန်းရောင်းဝယ်ခြင်း။ to trade |
| ■ယို့ဝါဏာ့လေဝ်ထိုက်အင်းဆို့လို့ချုံဖိုင် အိုဝ်လို့။ | ငါ့အကိုမြို့ကိုသွားပြီးကုန်ကူးနေသည်။ My elder brother went and traded in the city. |
| ထိုင့် | လွန်သည်။ to go past; too much; too big |
| ထိုင့်ခိုက် | လွန်ခဲ့သော။ ago; beyond |
| ■လို့အဲ့ထိုင့်ခိုက်ယဲာသင့်ဒုးအိုဝ်။ | လွန်ခဲ့သောငါးရက်လောက်။ Five days ago |

ဒ

| | |
|---|---|
| ဒ | လိက်မောဝ်ဖုံးသိုင့်ဆို့ဃျုဖုံးဖိုင်ဏာ့မွဲာလိက်ဖုံးလို့ဆို့ဃိုဝ်းဖုံး လို့ဖုံးဏာ့လို့။ ဗျည်း၃၆လုံးတို့တွင် ၁၈လုံးမြောက် ဗျည်းဖြစ်သည်။ The eighteenth letter of the 36 Plone alphabets |
| ဒဒုက် (ဒဒုက်တွာ့) | ပင်ပန်းခြင်း၊ ဆင်းရဲဒုက္ခဖြစ်ခြင်း။ misery |
| ဒါန် | အလှူဒါန။ donation; alms-giving |
| ဒါန်တို့မွာ | မြတ်သောအလှူ။ noble donation; noble merit |
| ဒ့် | ပေါ်ထွန်းခြင်း၊ဖြစ်ပေါ်ခြင်း။ emerge and come into prominence |
| ဒ့်တိုင်*(ကြိ)* | ဖြစ်ထွန်းလာသည်။ thrive; succeed |
| ဒ့်ကိုင် | အလိုလိုဖြစ်ထွန်းခြင်း။ naturally succeed |
| ဒိုဟ် | အရပ်မျက်နှာ။ directions |
| ဒိုဟ်လီ့စာင် | အရပ်လေးမျက်နှာ။ the four directions |
| ဒိုဟ် (ဒိုဟ်ယောဝ့်) | တွက်ခြင်း၊ဗေဒင်တွက်ကြည့်ခြင်း။ consult fortune teller |
| ဒီ့ | ဒီရေ။ tide |
| ဒီ့ဟာ့ယို့ထင်း | ဒီရေတက်လာခြင်း။ tide water rise |

ဓ

| | |
|---|---|
| ဓ | လိက်မောဝ်ဖုံးသိုင့်ဆို့ဃျုဖုံးဖိုင်ဏာ့မွဲာလိက်မောဝ်ဖုံးလို့ဆို့ ဖုံးလို့ဖုံးဏာ့လို့။ ဗျည်းတို့တွင် ၁၉ လုံးမြောက်ဗျည်းဖြစ်သည်။ The nineteenth letter of the 36 Plone alpha bets. |
| ဓုံ့ | |
| ဓဝ် | တရား (ဓမ္မ)။ religious teaching; scripture |
| ဓဝ်သို့အာ | မြတ်သောတရား။ noble teaching; noble sermon |
| ဓဝ်စင်ထို့ | အမြိုက်တရား။ life giving sermon |

| | |
|---|---|
| ခဝ်ႉသစ္စာ | သစ္စာတရား။ veracity; truth; honesty |
| ခဝ်ႉမူႉသာ | ဓမ္မသတ်တရား။ teaching of Buddha |
| ခဝ်ႉအှ်ဍွယ် | အတွင်းတရား။ inner truth |
| ခဝ်ႉအှ်အံင်ဖိုင်(ကြိ) | ကိုယ်တရားရှိသည်။ to have truth within |
| ခဝ်ႉတွဝ့် (တွဝ့်ခဝ်ႉ) ॥ | ဟောသောတရား၊တရားဟောသည်။ sermon; preach |
| ခံင့် | ရွှေ။ gold |
| ခံင့်မုက် | ရွှေမှုန်။ fine gold dust |
| ခံင့်ဍုး | ရွှေဆိုင်း။ gold sheet |
| ခံင့်လျာႉ | ရွှေရောင်။ gold colour |
| ခံင့်ပး | ရွှေပြား။ gold plate; gold medal |
| ခံင့်ခုံႉ | ရွှေတုံး။ gold bar |
| ခံင့်ခုံႉရူးနုံ | ရွှေမကျည်းတောင့်။ golden tamarind fruit |
| ခံင့်ထို့ | ရွှေရည်။ liquid gold: gold-plated |
| ခံင့်သိင့် | ရွှေစိမ်း။ raw gold; unrefined gold |
| ဓါတ် | ဓါတ်။ basic property of matter (eatth, fire, water, air) |

န

| | |
|---|---|
| န | လိက်မောဝ်ႉဖုံးသိင့်ဆို့ဃုဖုံးဖိုင်ဏှ်မွဲခ္ဂလိက်ဖုံးဏို့ဆို့ဖုံးလို ဖုံးဏှ်လှ်။<br>ဗျည်းတို့တွင်၂၀မြောက်ဗျည်းဖြစ်သည်။<br>The twentieth letter of the Plone 36 alphabets |
| နာဍိ (နု) | နာရီ၊ သကျည်း (သွေးခုံသောနေရာ)။ 1. watch; 2. clock |
| နာရာ (နု) | နာနတ်။ pineapple |
| နာရာသး (နု) | နာနတ်သီး။ pineapple fruit |
| နာရာဃယ် (နု) | နာနတ်လျှော်။ pineapple string |
| ၮာ့ (နု) | နှာခေါင်း။ nose |
| ၮာ့အှေ် (နု) | နှာချေး။ mucous discharge from the nose |
| ၮာ့ထို့ (နု) | နှာရည်။ water discharge from the nose |
| ၮာ့ဖိုင် (နု) | နှာခေါင်းပေါက်။ opening of nostril |
| ၮာ့ဖိုင်ခေါဟ်ထိုဝ် (နု) | နှာဝ။ nostril |
| ၮာ့မေါဝ်ႉလံင် (နု) | နှာတန်၊ နှာရိုး။ nasal ridge |
| ၮာ့ဆွာင့် (နုႉဝိ) | နှာရောင်ကောက်သော။ crooked nasal ridge |
| ၮာ့ဖိုင်ကာ (ကြိ) | နှာစေးသည်။ to catch cold |
| ၮာ့ပြာအင် (ကြိ) | နှာဝကျယ်သွားသည်။ expanded nostril |
| ၮာ့ကွး (နု) | ကွကွဟုအော်သောငှက်တမျိုး။ a kind of bird |
| နု့ (နု) | နို့။ breast |
| နု့ထို့ (နု) | နို့ရည်။ milk |
| နု့သး (နု) | နို့သီး။ nipple |
| နု့တာ်တူ့ (ကြိ) | မွေးဖွါးခြင်း။ birth |

| | |
|---|---|
| နု့ကိုင်ထင်း (ကြိ) | နို့သက်သည်၊ နို့လျှံသည်။ fullness of breast |
| နု့လင်ဖွဲ့ (နှ·ဝိ) | နို့တွဲကျသော၊ (နို့ပျဉ်းကျသော)။ dangling breast |
| နု့ချိုင်ထင်း (ကြိ) | နို့ထခြင်း။ swelling of breast |
| နဲ (နှ) | မြောက်ခေါင်းမြောက်ဥ။ yam |
| နဲဝဝ် (နှ) | မြောက်ဥနီ။ red yam |
| နဲသိုင့် (နှ) | မြောက်ဥမဲ။ black yam |
| နဲမူ့ (နှ) | မြောက်ခေါင်းနွယ်။ yam vine |
| နဲစဃ္ဃာ(နဲဃ္ဃာ) (နှ) | ကဇွန်းဥ။ sweet potato |
| နဲစဃ္ဃာသိင်း (နှ) | တောင်ကဇွန်း။ wild sweet potato |
| နဲလင်ဆိုဝ် (နှ) | မြောက်ဥရှည်။ long yam |
| နဲယှယ် (နှ) | မြောက်ဥ။ yam |
| နန့် (နှ) | နန်းတော်။ palace |
| နန့်ထဝ့်ပြာသတ်, (နှ) | နန်းပြသဒ်။ grand palace |
| နိုဝ် (နှ) | ပါးစပ်။ mouth; oral |
| နိုဝ်ဝိက် (နှ·ဝိ) | ပါးစပ်ရွဲစောင်းသော။ twisted ankle of mouth |
| နိုဝ်ဖေါတ် (နှ·ဝိ) | နှုပ်ခမ်းပဲ့သော။ harelip |
| နိုဝ်ဖိုင်ခး (ကြိ) | ခံတွင်းခါးသည်။ bitter appetite (do not want to eat) |
| နိုဝ်ဖှေဝ်(နှ) | လျှာ။ tongue |
| နိုဝ်ဖှူ (နိုဝ်ဖှိ) (နှ) | နှုပ်ခမ်း။ lips |
| နိုဝ်ဖှူလင်ဆယ် (နှ·ဝိ) | နှုပ်ခမ်းတွဲသော။ hanging lower lip |
| နိုဝ်ဆံင်း (နှ) | နှုပ်ခမ်းမွေး။ moustach; whiskers |
| နိုဝ်ပါ (နိုဝ်ပါထာ်) (နှ) | ပါးပြင်။ cheek |
| နိုဝ်ဆာင်းဝင် (ကြိ) | ခံတွင်းချဉ်သည်။ sour taste (want to smoke) |
| နိုဝ်ဖိုင် (နှ) | ခံတွင်း။ oral cavity; inner of mouth |
| နိုဝ်ဟှာဟှံင်(နိုဝ်ဖိုင်ဟှာဟှံင်) (ကြိ) | ခံတွင်းပျက်သည်။ loss of appetite |
| နိုဝ်ထင်း (ကြိ) | မက်ခရုဖြစ်သည်။ soar red tongue; mouth thrush |
| နိုဝ်ဖါဃှာင့် (နှ) | နှုပ်ခမ်းခြောက်ခြင်း၊ ကွဲခြင်း။ dry lips; crack lips |
| နိုဝ်နိုင့်အုး (နှ·ဝိ) | ခံတွင်းပုတ်သော။ foul smelling mouth |
| နိုဝ်ရူ (နှ·ဝိ) | နှုပ်ခမ်းချွန်သော။ pout |
| နိုဝ်သေ့် (နှ·ဝိ) | စကားကြွယ်သော၊နှုပ်သွက်သော။ rich with words |
| နိုဝ်အး (နှ·ဝိ) | နှုပ်သွက်သော၊(လျှာသွက်နှုပ်သွက် သော)။ talkative |
| နောတ် (နှ) | နှုပ်သီး (ငှက်စသည်)။ beak |
| နောတ်ကး (နှ) | ဝါးကပ်(ငါးကင်သည့်ဝါးကပ်ညှပ်)။ split bamboo stick used to hold meat or fish in roasting |
| နောတ်ကာင် (နှ) | တုတ်ချောင်းကလေး။ small bamboo stick |
| နောတ်တိုင်ယာ့ (နှ) | ရွက်တိုင်။ mast |
| နောတ်တာ်င်(နောတ်ဆေဝ်တာ်င်) (နှ) | တံချူတံ။ pole used for plucking (fruit, flower etc) |
| နောတ်ဝး (နှ) | ယောက်မ။ flat wooden laddle |
| နောတ်ထူ့ (နှ) | တံစို့။ spit; rod for skewering meat |
| နောတ်ထောဝ်(နောတ်ထိုဝ်) (နှ) | တောင်ဝှေး။ walking stick; staff |
| နောတ်ဝီ့သူး(နောတ်ဖုက်ဖ) (နှ) | ယပ်တောင်။ thing use for fanning manually; fan |
| နောတ်ဆင်းဃို့ (နှ) | စပါးပင်ဖိသောဝါးလုံးရှည်။ bamboo pole to fell |

| | |
|---|---|
| | paddy plant prior to reaping |
| နောတ်တုံဝဝ့်ထူ.(နောတ်ဝေံ) (န) | တံမျက်စည်း။ broom |
| နောတ်ထိက် (န) | ကပ်ညှပ်။ split bamboo stick used to hold meat between the two split pieces for roasting |
| နောတ်ထုံ (န) | ဇွန်း။ spoon |
| နောတ်ဖှေဟ် (န) | ကြာပွတ်။ whip |
| နောတ်ထုံထာ (န) | သံဇွန်း။ iron spoon |
| နောတ်ထုံလေဝ်. (န) | ကြွေဇွန်း။ china spoon |
| နောတ်ပုဂ်(စုဂ်) (န) | ချိတ်။ a pole with a curved instrument or a small basket attached at one end used for plucking fruit |
| နောတ်ထုံထင်. (န) | ကြေးဇွန်း။ copper spoon |
| နောတ်ထုံထာ. (န) | ခက်ရင်း။ fork |
| နောတ်ဖုံလဝ် (န) | လောက်လွှဲ။ catapult |
| နောတ်ယောဝ်ဝံင်(ထုံလျင်.) (န) | ထမ်းပိုး။ shoulder-yoke |
| နောတ်ယောတ် (န) | ကြော့ကွင်း။ noose used for trapping animal |
| နောတ်ယောတ်ဝံင် (န) | ကြော့ကွင်းတံ။ noose pole |
| နောတ်ဝေါတ်သွာ့(နောတ်အိုဝ်သွာ့) (န) | သွားပွတ်တံ၊ဒန်ပူ။ tooth brush; a stick use for cleaning teeth |
| နောတ်ဝိက် (န) | သော့။ key |
| နောတ်ထာ (န) | စတုတ်။ stickle |
| နောတ်ဍူး (န) | ကုန်းကညွတ်။ land asparagus |
| နောတ်အှ်စုဂ်ခါင့် (န) | ကနုတန်(ချေးထုတ်ကနောင်း)။ stick use for sanita tion after defeacation; tissue stick |
| နောတ်သှာ | လိပ်ပြာခေါ်ရာတွင်အသုံးပြုသောကြိယာတမျိုး: one of the instruments used in inviting the spirit to return |
| နုံ(အုံနုံ) (န) | ချို (ဦးချို)။ horn |
| နုံ.(ဍာ်နုံ.၊ထို့နုံ.) (န) | ရေအိုး။ earthern water pot |
| နုံး(အုံနုံးကာင်း) (န) | ဒေါင့်၊ ဒေါင့်ချိုး။ angle |
| နုံးဏော်သာ (ကြိ) | စိတ်ညစ်သည်။ be troubled in mind |
| နိုင် (ကြိ) | နိုင်သည်။ to win |
| နိုင်(ယေုံနိုင်၊ကွာနိုင်) (န) | အနှောင့်၊ (ဓါးနှောင့်၊ပဆိန်နှောင့်)။ back of knife |
| နိုင်ထိုင့် (န.ဝိ) | ကဲလွန်သော၊ဇွဲကောင်းသော။ be very persevering |
| နိုင်ဝံင် (န) | သင်၊ သင်ပင်။ kind of tree used for making mats |
| နိုင်ထိ. (န) | သင်ဥ။ roots of above |
| နိုင့် | နံသော။ bad smell |
| နိုင့်မိုင့် | မွှေးသော။ sweet smell |
| နိုင့်အူး | ပုတ်သောအနံ့။ bad smell |
| နိုင့်ဆာင်း | ချဉ်စော်နံ့။ beer smell |
| နိုင့်စာ် | ချဉ်ပုတ်စော်အနံ့။ bad beer smell |
| နိုင့်ကာင်း | သင်းသောအနံ့။ pleasant smell |
| နိုင့်ကျင်း | မီးကင်သောအခါထွက်သောအနံ့။ smell of roasted |

meat

| | |
|---|---|
| နိုင့်ကျာ | လေယူရာသွေးမွှေးသောအနံ့။ sweet smell in the wind |
| နိုင့်ဟော့ဝ့် | တူးသောအနံ့။ burnt-black smell |
| နိုင့်ခေါဟ်သွး | အလွန်တူးသောအနံ့။ badly burnt-black smell |
| နိုင့်ဖါင့် | ပုတ်ဟောင်သောအနံ့။ bad smell water |
| နိုင့်အူးအံင် | ပုတ်ဆွေးသောအနံ့။ smell of rotten meat |
| နိုင့်ဖိုင့် | ကျပိုးစော်အနံ့။ beg-bug smell |
| နိုင့်စီး | သိုးသောအနံ့။ decay food smell |
| နိုင့်ဆာင်းဝင်(န) | ချဉ်စုတ်စုတ်အနံ့။ smell of decay food |
| နိုင့်အော့်(ကြိ) | အီးပေါက်သည်။ smell of stool: fart |
| နိုင့်လုံးအော့်(န) | လောက်ချေးစော်အနံ့။ smell of maggot faeces |
| နိုင့်မွဲ (နိုင့်မော့်လူ့) နိုင့်မော့်အုဲ(န) | မီးခိုးအနံ့။ smoke smell |
| နိုင့်ယှိး (န) | ညှီစော်အနံ့။ fishy smell |
| နိုင့်အုဂ် (န) | အောက်စော်အနံ့။ bad smell |
| နိုင့်ဟှင့် (နိုင့်ခေါဟ်သို့) (န) | ချွေးစော်အနံ့။ sweat smell |
| နိုင့်သိင့် (န) | စိမ်းရွှေရွှေအနံ့။ sharp smell |
| နိုင့်သူး (န) | သေးစော်အနံ့။ urinal smell |
| နိုင့်သာ (န) | သင်းပျံ့သောအနံ့။ sweet smell in air |
| နိုင့်သှော့ဝ်သုံ့ခါ(န) | ဆိုးရွားသောအနံ့(မခံမရပ်နိုင်အောင်ဖြစ်သည့်အနံ့)။ extremely bad smell |
| နိုင့်သောဟ်ယှုဂ်(န) | ဆီချေးစော်အနံ့။ smell of rancid |
| နိုင့်ခး (န) | ထူးခါးသောအနံ့။ burnt-black smell |
| နိုင့်ထာအော့် (န) | သံချေးစော်အနံ့။ smell of rust iron |
| နိုင့်ပျုံင်း (န) | တသုံ့သုံ့ထွက်လာသောပုတ်စော်အနံ့။ bad smell emerging gradually |
| နိုင့်အော့်(န) | ချေးစော်အနံ့။ smell of faeces |
| နိုင့်အော့်ထင်း (ကြိ) | အီးပေါက်သည်၊ လေလည်သည်။ break wind; fart |
| နိုင့်ထုဂ်ယောဝ့်(ကြိ) | နမ်းကြည့်သည်။ test smell |
| နွှာ (နို့) (န) | ပိန္နဲ။ jack-fruit tree |
| နွှာသး (နို့သး) (န) | ပိန္နဲသီး။ jack-fruit |
| နွှာဖှယ့် (နို့ဖှဲ)(န) | ပိန္နဲပျော့။ jack-fruit( soft type) |
| နွှာခေါဝ်(န) | ပိန္နဲမာ။ Jack-fruit (firm type) |
| နွှာတြုဂ်(န) | စုံပဒတ်(စုံပဒတ်သီး)။ *a kind of jack-fruit; Artocarpus rigida* |
| နွှာနာရာ(န) | နာနတ်ပိန္နဲ။ pineapple jack-fruit |
| နွှာသးသာ(န) | ပိန္နဲစေ့။ jack-fruit nut |
| နွှာသးတောဟ်(န) | ပိန္နဲသီးအမွှာ။ segment of jack-fruit |
| နွှာသးဖါ် (န) | ပိန္နဲခွံ။ jack-fruit skin |
| နွှာသးဝင်း (န) | ပိန္နဲကင်း။ young jack-fruit |
| နွှာ (ယွှာ) (န) | မှန်။ mirror |
| နွှာ(န) | အပျို၊(အုပ်လုံးသိမ်းသောအပျို)။ virgin |

| | |
|---|---|
| နဲ့ာ(နာ) | ပဉ္စင်း၊ဦးပဉ္စင်း။ monk |
| နဲ့ာရေင်• (နဲ့ာရေင်•တာ်) (နာ) | ပဉ္စင်းလူထွက်။ person who left monkhood |
| နဲ့ာယှာ• (နဲ့ာဖါဍှောဟ်) (နာ) | ဦးဇင်းကြီး။ old monk |
| နဲ့ာဖေါဟ်(နာ) | ဦးပဉ္စင်းလေး၊ရဟန်းပျို။ young monk |
| နုက်(ကြိ) | ဝင်သည်၊ယှသည်။ to get in; enter |
| နုက် (ယေှ်နုက်) (ကြိ) | ယှသည် (ဓါးယှသည်)။ cut (being cut by knife) |
| နုက်လင် (နုက်ထင်း) (ကြိ) | ဝင်သွားသည်၊(ဝင်ထွက်သည်)။ enter; get in |
